ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

၁၃၈၄ ခုနှစ်၊ ဝါခေါင်လဆန်း ၂ ရက်၊ သောကြာနေ့။ Friday, 29 July 2022 ၁၀၈၁၁

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်နိုင်မည့်စွမ်းအားစုများ အမြဲအဆင်သင့်ဖြစ်နေစေရေး ဆောင်ရွက်ထားပြီး လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ထားရန်နှင့် လူအင်အား၊ ပစ္စည်းအင်အားများကို ထိထိရောက်ရောက် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ထား

## ပြည်သူများ သဘာဝဘေးအသိပညာများတိုးပွားလာနိုင်စေရေးနှင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာနိုင်စေရန် ဆောင်ရွက်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေး (၁/၂၀၂၂)တွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် ဇူလိုင် ၂၈**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး(၁/၂၀၂၂)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် သဘာဝဘေးကြိုတင်ပြင်ဆင်ရေး၊ ကြိုတင်ကာကွယ်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆွေးနွေးကြရန်နှင့် ပြန်လည်ပြင်ဆင်ရေးဆွဲပြီးဖြစ်သည့် ၂၀၁၉ ခုနှစ် သဘာဝဘေးစီမံခန့်ခွဲမှုတည်မြဲအမိန့်ကို ဆွေးနွေးအတည်ပြုနိုင်ရန်ဖြစ်ကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

**ယနေ့ ဖတ်စရာ**

ကိုယ်ပြုသည့်ကံ ကိုယ်ပြန်ခံရခြင်း သာတည်း

ဆောင်းပါး စာမျက်နှာ » ၆

ဓာတ်ခွဲနမူနာ စုစုပေါင်း ၆၁၃၈ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

စာမျက်နှာ » ၁၂

တရားမဝင်ကုန်သွယ်မှု တားဆီး/ဖမ်းဆီးနိုင်ရေးအတွက် တားဆီး/ဖမ်းဆီးဆုငွေနှင့် သတင်းပေးဆုငွေချီးမြှင့်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၄

ကြေးမုံ

# လူမှုစီးပွားအဆင်ပြေစေရေး ဝိုင်းဝန်းကူညီ

ပြည်သူများ၏ နေ့စဉ်လူမှုစီးပွားဘဝ အဆင်ပြေစေရေးအတွက် မရှိမဖြစ် လိုအပ်သောအချက်မှာ လျှပ်စစ်ဓာတ်အားရရှိရေးဖြစ်သည်။ အထူးသဖြင့် မြို့ပြများ၌ လူမှုဘဝနေထိုင်မှုနှင့် လုပ်ငန်းကိုင်ငန်းအကျိုးစီးပွားများအတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာရရှိရေးသည် အရေးကြီးရာ ယင်းကို နိုင်ငံတော်အစိုးရက နည်းလမ်းအမျိုးမျိုးဖြင့် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြည်သူလူထုနှင့် စက်မှုကုန်ထုတ်လုပ်ငန်းများတွင် အသုံးပြုရန်အတွက် ဓာတ်အားထုတ်လုပ်ပေးခြင်းနှင့် ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ တိုးတက်သုံးစွဲလာသော ဓာတ်အားများအား အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ လျှပ်စစ်ဓာတ်အားလုံလောက်အောင် အစွမ်းကုန်ကြိုးပမ်း ဖြန့်ဝေပေးလျက်ရှိသဖြင့် ပြည်သူများ အဆင်ပြေနေချိန်တွင် ယခုရက်ပိုင်း၌ လျှပ်စစ်ဓာတ်အား ပုံမှန်မပေးဝေနိုင်သောကြောင့် ပြည်သူများ လူမှုစီးပွားဘဝ၌ အခက်အခဲများ ဖြစ်နေကြသည်ကို မြင်တွေ့ကြားသိနေရသည်။

ဤသို့ လျှပ်စစ်ဓာတ်အားမလုံလောက်မှု ဖြစ်ရသည့်အကြောင်းရင်းမှာ ပုံမှန်အချိန်တွင် အမြင့်ဆုံးဓာတ်အားထုတ်လွှတ်နိုင်မှု မဂ္ဂါဝပ် ၄၂၀၀ ခန့်ရှိသော်လည်း LNG ဓာတ်အားပေးစက်ရုံများ၏ ထုတ်လုပ်မှုမဂ္ဂါဝပ် ၇၅၀ ခန့်မှာ ဓာတ်ငွေ့ဈေးနှုန်းမြင့်တက်နေသဖြင့် ရပ်တန့်ထားရခြင်း၊ ဘီလူးချောင်းရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများမှထွက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို ပို့လွှတ်လျက်ရှိသည့် ဓာတ်အားလိုင်း နှစ်လိုင်းမှာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မိုင်းခွဲဖျက်ဆီးခဲ့ခြင်းတို့ကြောင့် ပြည်သူများအား နေ့စဉ်ပေးဝေနေသည့် လျှပ်စစ်ဓာတ်အားများ မလုံလောက်မှုဖြစ်လာခဲ့သည်။

PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက ယခုဇူလိုင်လ ၂၁ ရက်နေ့တွင် ဇော်တိကဓာတ်ငွေ့ ပိုက်လိုင်းကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သဖြင့် ဇော်တိကဓာတ်ငွေ့ပိုက်လိုင်းမှဓာတ်ငွေ့များကို ရယူသုံးစွဲလျက်ရှိသည့် ဓာတ်အားပေးစက်ရုံများမှထုတ်လုပ်သည့် ဓာတ်ငွေ့ပမာဏ မဂ္ဂါဝပ် ၂၀၀ ခန့်မှာ ဓာတ်အားစနစ်အတွင်းသို့ ပို့လွှတ်နိုင်မှုမရှိခြင်းနှင့် မြန်မာနိုင်ငံအထက်ပိုင်း ဓာတ်အားစနစ်အတွင်းရှိ ၁၃၂ ကေဗွီ ရွှေစာရံ-တံခွန်တိုင် ဓာတ်အားလိုင်းတာဝါတိုင်၏ မူလီများကိုဖြုတ်ယူ၍ တာဝါတိုင်ပြိုလဲအောင် ဖျက်ဆီးခဲ့သဖြင့် ဇူလိုင်လ ၂၄ ရက်နေ့တွင် ဝန်အားသုံးစွဲမှုနှင့် ဓာတ်အားပို့လွှတ်ဖြန့်ဖြူးနိုင်မှုအခြေအနေအရ ဓာတ်အားစနစ်အတွင်း တည်ငြိမ်မှုလျော့နည်းကာ ဓာတ်အားစနစ်တစ်ခုလုံး ပြတ်တောက်မှုဖြစ်ပေါ်ခဲ့သည်။

ထိုသို့ဖြစ်ပေါ်နေစဉ် ဇူလိုင်လ ၂၆ ရက်နေ့က မိုးသည်းထန်စွာရွာသွန်းပြီး လေပြင်းတိုက်ခိုက်မှုများကြောင့် ၁၃၂ ကေဗွီ တီကျစ်-ကလော ဓာတ်အားလိုင်းမှာ ဓာတ်အားပြတ်တောက်မှုဖြစ်ပေါ်ခဲ့ပြီး ၂၃၀ ကေဗွီ ရွှေစာရံ-အောင်ပင်လယ် ဓာတ်အားလိုင်းမှာလည်း ထပ်မံဓာတ်အားပြတ်တောက်ခဲ့သဖြင့် ဓာတ်အားစနစ်အတွင်း ဓာတ်အားထုတ်လွှတ်မှု စုစုပေါင်း မဂ္ဂါဝပ် ၁၁၂၀ ခန့် လျော့နည်းလျက်ရှိရာ ဓာတ်အားစနစ် တည်ငြိမ်မှုလျော့ကျပြီး လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ထပ်မံဖြစ်ပေါ်လာရသည်။ ထိုသို့သောအခြေအနေများကြောင့် ယခုရက်ပိုင်းအတွင်း နိုင်ငံတစ်ဝန်း၌ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများ ဖြစ်ပေါ်လျက်ရှိရာ ပြည်သူများ၏ လူမှုစီးပွားဘဝများ အခက်အခဲဖြစ်ပေါ်လာခဲ့သည်။

ပြည်သူများအား ဓာတ်အားဖြန့်ဝေပေးမှုကို အမြန်ဆုံးအဆင်ပြေနိုင်အောင် သက်ဆိုင်ရာဌာနများက ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ဤသို့သောအခြေအနေကို ပြည်သူများကြား၌ နားလည်သဘောပေါက်သောသူများရှိသကဲ့သို့ ဖြစ်စဉ်အမှန်ကို မသိမြင်ဘဲ နိုင်ငံတော်အစိုးရအား အမျိုးမျိုးပြစ်တင်ဝေဖန်နေကြသူများလည်း ရှိပါသည်။ အမှန်တကယ်တွင် ယခုအချိန်ကာလ မိုးရာသီ၌ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် ဆည်ရေရရှိမှုများပြားလာသောကြောင့် လျှပ်စစ်ဓာတ်အားသုံးစွဲသည့် ပြည်သူများအဆင်ပြေစေရန်အတွက် ထိန်းညှိမောင်းနှင်ပေးလျက်ရှိသော်လည်း PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ပြည်သူများ လူမှုဘဝအကျိုးစီးပွားကိုမငဲ့ညှာဘဲ လျှပ်စစ်ဓာတ်အားပေးရေးစနစ်ကို တမင်ရည်ရွယ်ဖျက်ဆီးနေမှုများအား အထင်အရှားမြင်တွေ့ကြရမည်ဖြစ်သည်။

ပြည်သူများအနေဖြင့် အကြမ်းဖက်အဖျက်သမားများ၏ နိုင်ငံနှင့်ပြည်သူလူထုဘဝကို မငဲ့ညှာမထောက်ထားဘဲ ဖျက်ဆီးလုပ်ဆောင်နေမှုများကို အမှန်ကို အမှန်အတိုင်း သိမြင်နားလည်ပြီး အကြမ်းဖက်အဖျက်သမားများ၏ နှောင့်ယှက်ဖျက်ဆီးမှုများကြားမှ ပြည်သူများ၏ လူမှုအကျိုးစီးပွားအတွက် အစွမ်းကုန်ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် ဆိုင်ရာဆိုင်ရာအဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်နေမှုကို အသိအမှတ်ပြုပြီး တတ်နိုင်သည့်ဘက်မှ တတ်နိုင်သမျှဝိုင်းဝန်းကူညီ ပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။ သို့ဖြစ်ရာ တိုင်းပြည်နှင့် လူမျိုးကို နှောင့်ယှက်ဖျက်ဆီးနေသော အကြမ်းဖက်သမားများအား တိုက်ဖျက်ရေးတွင် ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းသာယာဝပြောအောင် ကြိုးပမ်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော် လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

**ဆက်ကပ်လှူဒါန်း**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ မျိုးဆက်သစ်ဓမ္မစင်တာပရဟိတကျောင်းတိုက်သို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ရှိ မြို့ထောင့်ကျောင်းတိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်ရှိ ဓမ္မမေဒနီစာသင်တိုက်သို့လည်းကောင်း၊ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ မြစိမ်းရောင်စာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်ရှိ ကျွန်းကလေးပရိယတ္တိစာသင်တိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ခရိုင်အဆင့်ဌာနဆိုင်ရာများ စုပေါင်းဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း



သာယာဝတီ ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့က ကြီးမှူးပြီး ခရိုင်အဆင့်ဌာနဆိုင်ရာများစုပေါင်း၍ ၂၀၂၂ ခုနှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် သာယာဝတီမြို့နယ် ကျိုက်ထိုဇောတိကာရုံကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ကျိုက်ထိုဇောတိကာရုံပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက ဘဒ္ဒန္တ ကုမ္ဘာစရိယနှင့် မြို့ပေါ်ကျောင်းတိုက် အသီးသီးမှ ဆရာတော် ၁၁ ပါး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆက်လက်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများကို ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် သာယာဝတီမြို့ ရွှေဆယ်ဝတီဘိုးဘွားရိပ်သာမှ အဘွား ၁၁ ဦး၊ အဘိုး ငါးဦးတို့ကို တစ်ဦးလျှင် ကျပ် ၅၀၀၀၀ နှင့် လှူဖွယ်ပစ္စည်းများအား ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၈-၇-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၂၀၀ | ၇,၂၀၀ | ၄၃၀ | ၃,၀၉၆,၀၀၀ |
| MTSH | ၂,၄၅၀ | ၂,၅၀၀ | ၂,၆၃၇ | ၆,၅၆၅,၇၅၀ |
| MCB | ၇,၀၀၀ | ၆,၉၀၀ | ၁၄၉ | ၁,၀၄၂,၅၀၀ |
| FPB | ၁၇,၅၀၀ | ၁၇,၅၀၀ | ၀ | ၀ |
| TMH | ၂,၄၀၀ | ၂,၄၀၀ | ၃၅ | ၈၄,၀၀၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၃၅ | ၈၅,၇၅၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၈၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၈၈၇.၁ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၇၄.၂၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၆၀၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၁၅.၅၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၁၈၇ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၉၅.၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၃၃၉.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၆၆.၉ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၂.၀၇ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးခိုင်ဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# သဘာဝဘေးအန္တရာယ်များသည် အချိန်မရွေး၊ နေရာမရွေး၊ လူမျိုးမရွေးဘဲ ရင်ဆိုင်ကြုံတွေ့ရနိုင်သည်ဖြစ်၍ ကြိုတင်တွက်ဆပြီး အချိန်တိုင်း အဆင်သင့်ဖြစ်နေရန်လို

**☆ ကမ္ဘာတွင် ပြောင်းလဲဖြစ်ပေါ်လာနေသည့် သဘာဝဘေးအန္တရာယ်များ၏ သဘောသဘာဝများကို မျက်ခြည်မပြတ် လေ့လာနေရန် လိုအပ်သကဲ့သို့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကို ရာသီကာလအလိုက်၊ ဒေသအလိုက်ခန့်မှန်းပြီး မိမိတို့တွင်ရှိပြီးဖြစ်သော ရရှိနိုင်သော စွမ်းအားအရင်းအမြစ်များဖြင့် ရင်ဆိုင်တုံ့ပြန်နိုင်မည့် အကောင်းဆုံးသော အစီအမံများကို အမြဲတစေ ကြိုတင်ပြင်ဆင်ဆောင်ရွက်**

☆ ရွှေဖုံးမှ

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် စတင်တာဝန်ယူချိန်မှ ယနေ့အထိ ဖြစ်ပေါ်ခဲ့သော သဘာဝဘေးအန္တရာယ်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များက ကဏ္ဍအလိုက်နိုင်နင်းစွာ တာဝန်ယူ ဖြေရှင်းဆောင်ရွက်နိုင်ခဲ့ကြကြောင်း၊ သဘာဝဘေးအန္တရာယ်များသည် အချိန်မရွေး၊ နေရာမရွေး၊ လူမျိုးမရွေးဘဲ ရင်ဆိုင်ကြုံတွေ့ရနိုင်သည်ဖြစ်၍ ကြိုတင်တွက်ဆပြီး အချိန်တိုင်းအဆင်သင့်ဖြစ်နေရန် လိုအပ်ကြောင်း။

### အမြဲတစေ ကြိုတင်ပြင်ဆင်

ကမ္ဘာတွင် ပြောင်းလဲဖြစ်ပေါ်လာနေသည့် သဘာဝဘေးအန္တရာယ်များ၏ သဘောသဘာဝများကို မျက်ခြည်မပြတ် လေ့လာနေရန်လိုအပ်သကဲ့သို့ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နိုင်သည့် ဘေးအန္တရာယ်များကို ရာသီကာလအလိုက်၊ ဒေသအလိုက်ခန့်မှန်းပြီး မိမိတို့တွင်ရှိပြီးဖြစ်သော ရရှိနိုင်သော စွမ်းအားအရင်းအမြစ်များဖြင့် ရင်ဆိုင်တုံ့ပြန်နိုင်မည့် အကောင်းဆုံးသော အစီအမံများကို အမြဲတစေ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်ကြောင်း။

သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခိုင်မာသောဖွဲ့စည်းတည်ဆောက်မှု၊ လုပ်ငန်းစနစ်ကောင်းမွန်မှု၊ စုစည်းညီညွတ်သည့် ပေါင်းစပ်ညှိနှိုင်း အကောင်အထည်ဖော်ဆောင်မှုတို့သည် မရှိမဖြစ်လိုအပ်ကြောင်း၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် စသည်ဖြင့် အဆင့်ဆင့်သော စီမံခန့်ခွဲမှုစနစ်ကို ထူထောင်ထားရမည်ဖြစ်ပြီး အဆင့်တိုင်းတွင်လည်း မူဝါဒများ၊ စီမံချက်များ၊ SOP များ ပြည့်စုံနေရန် လိုအပ်ကြောင်း။

မြို့နယ်အဆင့်မှ ပြည်ထောင်စုအဆင့်အထိ အဆင့်တိုင်း၏ ဆောင်ရွက်ချက်များကို ပြန်လည်ဆန်းစစ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများသည် ဌာန၊ အဖွဲ့အစည်းတစ်ခုတည်း၏ လုပ်ငန်းတာဝန်မဟုတ်ဘဲ ဌာန၊ အဖွဲ့အစည်းများစွာအပြင် ပြည်သူလူထုပါ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ သာမန်ထက်ပိုမိုစနစ်ကျသော စီမံခန့်ခွဲမှုပုံစံဖြစ်ရန်လိုကြောင်း၊ အားလုံးလိုက်ပါဆောင်ရွက်နိုင်ရန်လိုကြောင်း၊ လုပ်ငန်းနယ်ပယ်အလိုက် တစ်ဦးချင်းကျွမ်းကျင်မှု၊ အဖွဲ့အလိုက်ကျွမ်းကျင်မှု၊ ဘာသာရပ်ဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများရှိနေရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုစနစ်ကောင်းမွန်ရေး ဆောင်ရွက်သကဲ့သို့ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စွမ်းဆောင်ရည်မြင့်မားရေး၊ ဝန်ထမ်းများ၏စိတ်ဓာတ်ခွန်အားမြင့်မားရေးတို့ကိုလည်း အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ရပ်ရွာလူထုနှင့် တိုက်ရိုက်ထိတွေ့ရပြီး လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များအနေဖြင့် ပိုမိုအလေးထား ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးတုံ့ပြန်ရေးဆိုင်ရာစီမံချက်များပါအတိုင်း ကြိုတင်ပြင်ဆင်စုဖွဲ့ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အသိပညာပေးခြင်းများဆောင်ရွက်ရန်နှင့် သဘာဝဘေးဖြစ်ပွားလာပါက အန္တရာယ်ကို ကျော်လွှားနိုင်ရန် သဘာဝဘေးစီမံခန့်ခွဲမှုအဖွဲ့များ၊ ပြည်သူလူထု၊ အထောက်အကူပြုပရဟိတအဖွဲ့များအားလုံး ပူးပေါင်းဆောင်ရွက်နိုင်ရန် ကြိုတင်စီမံဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း၊ မိမိတို့တွင် ရှိပြီးဖြစ်သည့် လူ့စွမ်းအားအရင်းအမြစ်၊ အခြေခံအဆောက်အအုံ၊ အသုံးပြုနိုင်မည့်ပစ္စည်းကိရိယာများကို ဖော်ထုတ်သိရှိပြီး လိုအပ်သလို ထုတ်နုတ်သုံးစွဲနိုင်ရမည်ဖြစ်ကြောင်း၊ ထို့အတူ သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်နိုင်မည့် စွမ်းအားစုများ အမြဲအဆင်သင့်ဖြစ်နေစေရေး ဆောင်ရွက်ထားပြီး လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ထားရန်နှင့် လူအင်အား၊ ပစ္စည်းအင်အားများကို ထိထိရောက်ရောက် အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ထားကြရမည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်များလျော့ပါးရေးအတွက် သဘာဝဘေးစီမံခန့်ခွဲမှုအပိုင်းတွင် တာဝန်ယူနေသူများသာမက ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ကြမှသာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျော့နည်းစေမည်ဖြစ်၍ ပြည်သူလူထု ပိုမိုသတိပြု ပူးပေါင်းပါဝင်ဆောင်ရွက်လာနိုင်စေရန် နှစ်စဉ် အောက်တိုဘာ ၁၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပလျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်တွင် **"ဒို့ကမ္ဘာမြေကို ထိန်းသိမ်းဖို့ တွဲလက်ခိုင်မာ ပူးပေါင်းစို့"** ခေါင်းစဉ်ဖြင့် ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း အလားတူ အထိမ်းအမှတ်အခမ်းအနားကို အောင်မြင်စွာကျင်းပပြီး ပြည်သူများသဘာဝဘေး အသိပညာများ တိုးပွားလာနိုင်စေရေးနှင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာနိုင်စေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

### ပြင်ဆင်ခဲ့ခြင်းဖြစ်

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တည်မြဲအမိန့် ပြင်ဆင်ရေးဆွဲခဲ့မှုနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုကြောင်း၊ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတုံ့ပြန်ဆောင်ရွက်မှုမှ ရရှိခဲ့သည့် အတွေ့အကြုံများကို အခြေခံ၍သဘာဝဘေးစီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်(၂၀၀၉)ကို ရေးဆွဲထုတ်ပြန်အသုံးပြုခဲ့ကြောင်း၊ အဆိုပါ တည်မြဲအမိန့်ကို အသုံးပြုဆောင်ရွက်ခဲ့သည်မှာ အချိန်ကာလ (၁၂)နှစ် ကျော်ခန့်ရှိလာပြီဖြစ်၍ လက်ရှိကာလ ကမ္ဘာတွင်သဘာဝဘေးဖြစ်ပွားမှုအခြေအနေများ၊ စီမံခန့်ခွဲမှုစနစ်များနှင့် နည်းပညာပြောင်းလဲတိုးတက်နေမှုများအပေါ် ပြန်လည်သုံးသပ်မှုအရ ၂၀၀၉ ခုနှစ်က ထုတ်ပြန်ခဲ့သည့် တည်မြဲအမိန့်ကိုပြင်ဆင်ခဲ့ခြင်းဖြစ်ကြောင်း။

တည်မြဲအမိန့်တွင် လုပ်ငန်းကော်မတီ (၁၂)ရပ်နှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ လုပ်ငန်းတာဝန်များ၊ တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းများကို ဦးတည်ရေးဆွဲရန် စဉ်းစားသုံးသပ်ခဲ့ပြီး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ၂၀၂၁ ခုနှစ် ဇွန်လမှစ၍ ကာကွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ပါဝင်ရေးဆွဲမှု၊ အကြံပြုသဘောထားမှတ်ချက်များနှင့် ရေးဆွဲဆောင်ရွက်ခဲ့ပြီး သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို မြေပြင်အခြေအနေနှင့်လိုက်လျောညီထွေဖြစ်ကာ နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရန် ဆောင်ရွက်ခဲ့ကြောင်း။

ယခုအခါ ၂၀၂၂ ခုနှစ် သဘာဝဘေးစီမံခန့်ခွဲမှုအတွက် တည်မြဲအမိန့်(မူကြမ်း)ကို ကာကွယ်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာလုပ်ငန်းကော်မတီများ၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၏ သဘောထားမှတ်ချက်များ ရယူပြင်ဆင်ပြီးဖြစ်၍ ယနေ့ အစည်းအဝေးတွင် လိုအပ်သလိုဆွေးနွေးပြီးပါက အတည်ပြုရန်လိုအပ်ပြီး အတည်ပြုပြီးပါက ပုံနှိပ်ထုတ်ဝေနိုင်ရေး ဆက်လက်ဆောင်ရွက်ကာ သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းအသီးသီးသို့ ဆက်လက်ဖြန့်ဝေ စတင်အသုံးပြု ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

### ပြန်လည်စိစစ်

လုပ်ငန်း ကော်မတီများနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တိုင်းဒေသကြီးနှင့်ပြည်နယ်သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ အနေဖြင့် ရေးဆွဲထားပြီးဖြစ်သည့် သဘာဝဘေးစီမံချက်များကို ယခု ၂၀၂၂ ခုနှစ် တည်မြဲအမိန့်နှင့် ကိုက်ညီမှုရှိရေး ပြန်လည်စိစစ်ကြရန်၊ ခရိုင်နှင့် မြို့နယ်အဆင့်ဆင့်သော သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ နားလည်သိရှိထားပြီး ရည်ညွှန်းကိုးကားဆောင်ရွက်နိုင်ရေး ထပ်ဆင့်ရှင်းလင်းဆွေးနွေးထားကြရမည်ဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကို အဆင့်တိုင်း၊ ကဏ္ဍတိုင်းတွင် အရေးကိစ္စတစ်ခုအနေဖြင့် အလေးအနက်ထားဆောင်ရွက်ရန်နှင့် ပူးပေါင်းတာဝန်ယူဆောင်ရွက်ကြရန်လိုကြောင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများသည် တစ်ဦး၊ တစ်ယောက်ချင်း၊ အဖွဲ့အစည်းတစ်ခုချင်း ဆောင်ရွက်နိုင်သည့် လုပ်ငန်းများမဟုတ်ဘဲ အားလုံးပေါင်းစည်းဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ တာဝန်ခွဲဝေယူမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများ အားကောင်းနေရန်လိုကြောင်း။

လုပ်ငန်းကော်မတီ အသီးသီးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းများနှင့် ပတ်သက်၍ တာဝန်ယူထားရသည့်ဒေသ၊ လုပ်ငန်းကဏ္ဍများအလိုက် ပိုမိုကောင်းမွန်ထိရောက်သော သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများဖြစ်စေရန် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေး ဦးတည်ချက်ထားရှိပြီး စည်းလုံးညီညွတ်စွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းနှင့် ဒေါက်တာသက်သက်ခိုင်တို့က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေး (၂/၂၀၂၁) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုတည်မြဲအမိန့် - ၂၀၂၂ (မူကြမ်း) ပြုစုထားရှိမှုတို့ကို တင်ပြအတည်ပြုချက်ရယူသည်။

### ရှင်းလင်းတင်ပြအတည်ပြုချက်ရယူ

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဒေါက်တာကိုကိုနိုင်က အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေ ရရှိ/သုံးစွဲ/ လက်ကျန်စာရင်းများကို ရှင်းလင်းတင်ပြအတည်ပြုချက်ရယူသည်။

ထို့နောက် စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများက သဘာဝဘေးစီမံခန့်ခွဲရေး လုပ်ငန်းဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးအန္တရာယ်ဖြစ်ပွားလာပါက အရေးပေါ်တုံ့ပြန်နိုင်ရေး ဆောင်ရွက်ထားရှိမှု၊ သဘာဝဘေးဖြစ်ပွားမှုများနှင့် ထောက်ပံ့ပေးမှု၊သဘာဝဘေးအသိပညာပေးဆောင်ရွက်မှုများကို သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးသည်။

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီးက အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေး (၁/၂၀၂၂) ဆုံးဖြတ်ချက်များကို ရှင်းလင်းတင်ပြအတည်ပြုချက်ရယူသည်။

ဆက်လက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**☆ သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများသည် ဌာန၊ အဖွဲ့အစည်းတစ်ခုတည်း၏ လုပ်ငန်းတာဝန်မဟုတ်ဘဲ ဌာန၊ အဖွဲ့အစည်းများစွာအပြင် ပြည်သူလူထုပါ ပူးပေါင်းပါဝင် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်၍ သာမန်ထက် ပိုမိုစနစ်ကျသော စီမံခန့်ခွဲမှုပုံစံဖြစ်ရန်လို၊ အားလုံးလိုက်ပါ ဆောင်ရွက်နိုင်ရန်လို**

**☆ လုပ်ငန်းနယ်ပယ်အလိုက် တစ်ဦးချင်းကျွမ်းကျင်မှု၊ အဖွဲ့အလိုက်ကျွမ်းကျင်မှု၊ ဘာသာရပ်ဆိုင်ရာ၊ စီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်မှုများရှိနေရမည်**

**သတင်းစဉ်**

# သမဝါယမအသင်းသားများအတွက် မျိုးစပါးများ၊ မြေသြဇာများနှင့် လယ်ယာသုံးစက်ကိရိယာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ရွှေဇေယျာသမဝါယမအသင်းသားများထံ မျိုးစပါးများ၊ မြေသြဇာများပေးအပ်ခြင်းနှင့် ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်၊ ဥတ္တရသီရိမြို့နယ်တို့ရှိ သမဝါယမအသင်းသားများအတွက် ထွန်စက်များ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဇေယျာသီရိမြို့နယ် စိမ်းစားပင်စံပြကျေးရွာ သုခရတနာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။



**နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချနိုင်မည်**

အခမ်းအနားတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးလှမိုးက တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် လိုအပ်မည့် မျိုး၊ ရေ၊ သွင်းအားစုနှင့် နည်းပညာပံ့ပိုးမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ သမဝါယမစနစ်ဖြင့် ဆောင်ရွက်ပေးနေကြောင်း၊ သွင်းအားစုဓာတ်မြေသြဇာများ သုံးစွဲခြင်းကို လျှော့ချနိုင်မည်ဆိုပါက နိုင်ငံခြားငွေသုံးစွဲမှုကို လျှော့ချနိုင်မည်ဖြစ်သည့်အပြင် မြေဆီလွှာပျက်စီးမှုကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကာ ထုတ်လုပ်မှုကုန်ကျစရိတ်များ သက်သာစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးသီးနှံများ အထွက်တိုးရေးအတွက် နွားချေး၊ ကြက်ချေး၊ လင်းနို့ချေး၊ အရိုးမှုန့်၊ ဂျစ်ပဆင်ကျောက်မှုန့်၊ တီကျစ်စာ၊ ဘိုင်အိုချားစသည့် သဘာဝကုန်ကြမ်းပစ္စည်းများနှင့် ဖော်စပ်ထုတ်လုပ်ထားသည့် သဘာဝမြေသြဇာကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲပါက မိမိတို့၏ စိုက်ပျိုးမြေများ ရေရှည်ကောင်းမွန်လာမည်ဖြစ်ပြီး သီးနှံများမှာလည်း ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ကုန်များ ဖြစ်လာနိုင်ကြောင်း။

တောင်သူများ လိုအပ်သည့် မျိုးစပါး၊ သွင်းအားစု၊ လယ်ယာသုံးစက်ကိရိယာစသည့် ထုတ်လုပ်မှုကုန်ကျစရိတ်များကို သမဝါယမအသင်းများက ထောက်ပံ့ပေးပြီး ထွက်ရှိလာသည့် သီးနှံများကို ကာလပေါက်ဈေးဖြင့် ဝယ်ယူဆောင်ရွက်ပေးခြင်းဖြင့် အသင်းသားတောင်သူများ၏ အခက်အခဲများကို ဖြေရှင်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆင်းသုခ စပါးမျိုးနှင့် သဘာဝမြေသြဇာများကို ရွှေဇေယျာ စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း အမှုဆောင်များထံသို့လည်းကောင်း၊ ဒုတိယဝန်ကြီးက စံပြကျေးရွာသုံးရွာအတွက် ဒေဒေါင်းလယ်ယာသုံးစက်ကိရိယာသုံးစီးကို ပျဉ်းမနားမြို့နယ် သမဝါယမအသင်းစုဥက္ကဋ္ဌထံသို့လည်းကောင်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများက ဒေဒေါင်းလယ်ယာသုံးစက်ကိရိယာ ၁၀ စီးကို ပျဉ်းမနားမြို့နယ်၊ တပ်ကုန်းမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်တို့မှ သမဝါယမအသင်းသားများထံလည်းကောင်း ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးရွာနေပြည်သူများနှင့် တွေ့ဆုံကာ ဒေသလိုအပ်ချက်များ တင်ပြမှုအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး သမဝါယမအသင်းသား တောင်သူများထံ ပေးအပ်သည့် ဒေဒေါင်းထွန်စက်များကို ကြည့်ရှုစစ်ဆေးသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရွှေဇေယျာသမဝါယမအသင်းမှ ဆောင်ရွက်နေသည့် စပါးမျိုးခင်းများသို့ သွားရောက်၍ သဘာဝမြေသြဇာများ ကြဲပက်စိုက်ထည့်နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ အခမ်းအနားသို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ သမဝါယမအသင်းအမှုဆောင်များ၊ သမဝါယမအသင်းသားများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး သမဝါယမအသင်းသားများထံသို့ ထွန်စက် ၁၂ စီး၊ ရိတ်သိမ်းခြွေလှေ့စက် သုံးစီး၊ ဆင်းသုခမျိုးစပါးတင်း ၂၅၀ နှင့်စမ်းဝတီသဘာဝမြေသြဇာအိတ်ပေါင်း ၉၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လူငယ်များ အသိပညာဗဟုသုတကြွယ်ဝပြီး ဗလငါးတန်နှင့် ပြည့်စုံစေရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၂၈**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဗဟန်းမြို့နယ် ရွှေဂုံတိုင်လမ်းရှိ လူထုအခြေပြုဗဟိုဌာန(Community Centre)သို့ ရောက်ရှိပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

**ကြည့်ရှုစစ်ဆေး**

ရှေးဦးစွာ ဗဟန်းမြို့နယ်လူထုအခြေပြုဗဟိုဌာန အတွင်းရှိ ကလေးစာဖတ်ခန်း၊ အားကစားခန်းမ၊ စာကြည့်တိုက်၊ ကွန်ပျူတာသင်တန်းခန်းမ၊ ပြတိုက်ငယ်နှင့် ဘက်စုံသုံးခန်းမတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီးဦးစီးမှူး၊ ခရိုင်၊ မြို့နယ်ဦးစီးအရာရှိများနှင့် ဝန်ထမ်းများကို တွေ့ဆုံ၍ ဒုတိယဝန်ကြီးက မိမိတို့၏ ရည်မှန်းချက်တာဝန်ဖြစ်သည့် ပြန်ကြားပေးရန်နှင့် အသိပညာပေးရန် လုပ်ငန်းများကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြရန်၊ လုပ်ငန်းတာဝန်များကို ကွပ်ကဲကြပ်မတ်မှု အနည်းဆုံးဖြင့် တာဝန်သိသိ သစ္စာရှိရှိဖြင့် ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ ခေါင်းဆောင်မှုကောင်းမွန်စွာဖြင့် မိမိတို့၏ ရုံး၊ ဌာနလုပ်ငန်းများကို အောင်မြင်အောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် လူငယ်များအား အသိပညာဗဟုသုတကြွယ်ဝပြီး ဗလငါးတန်နှင့်ပြည့်စုံစေရေး သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့သည်။

သတင်းစဉ်




# (၂၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ အစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် အာဆီယံ+၃ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး ကွန်ရက်အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၈**

(၂၃)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ အစည်းအဝေးနှင့် (၁၁)ကြိမ်မြောက် အာဆီယံ + ၃ ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ကွန်ရက်အစည်းအဝေးကို ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မလေးရှားနိုင်ငံ ကူချင်မြို့၌ ကျင်းပသည်။




အဆိုပါ အစည်းအဝေးများတွင် မြန်မာနိုင်ငံမှ အလှည့်ကျဒုတိယသဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပြီး မြန်မာနိုင်ငံ အာဆီယံယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ အဆင့်မြင့်အရာရှိကြီး သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့် (SOMCA Leader)နှင့် ကိုယ်စားလှယ်တစ်ဦး တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အာဆီယံနိုင်ငံများ၏ ယဉ်ကျေးမှု၊ သမိုင်းကြောင်း၊ ကိုးကွယ်ရာဘာသာနှင့် လူမှုရေးတိုးတက်မှုဆိုင်ရာ အပြန်အလှန် နားလည်ယုံကြည်မှုတို့ကို တိုးမြှင့်ခိုင်မာစေရေး၊ အာဆီယံနိုင်ငံများအကြား မတူကွဲပြားမှုများကို အပြန်အလှန် အသိအမှတ်ပြုစေရေး၊ စည်းလုံးညီညွတ်မှု တောင့်တင်း ခိုင်မာစေရေးနှင့် အာဆီယံ၏ အသိအမြင်ကို ပြည်သူများက သိရှိလာစေရန် အားပေး ဆောင်ရွက်ရေးတို့အတွက် အာဆီယံရိုးရာဓလေ့နှင့် အနုပညာ၊ ရိုးရာအစားအစာ၊ ရှေးဟောင်းသုတေသန ပြတိုက်နှင့် စာကြည့်တိုက်များ၏ ပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် အာဆီယံ ပြည်သူများအချင်းချင်း ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်လာနိုင်ရန် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်မည့် စီမံကိန်း ၅၀ ကျော်တို့နှင့်ပတ်သက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံ + ၃ နိုင်ငံများ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

၂၀၂၃ ခုနှစ်တွင် (၂၄)ကြိမ်မြောက် အာဆီယံယဉ်ကျေးမှုဆပ်ကော်မတီ အစည်းအဝေးနှင့် (၁၂)ကြိမ်မြောက် အာဆီယံ+ ၃ ယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး ကွန်ရက်အစည်းအဝေးကို မြန်မာနိုင်ငံက သဘာပတိတာဝန်ယူပြီး အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်း ဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင်နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

# မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၂၈**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ဆေးတက္ကသိုလ်-မန္တလေး၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မန္တလေးတိုင်းဒေသကြီးအတွင်း ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆေးကုသမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ဆွေးနွေးမှာကြားသည်။

**တွေ့ဆုံအားပေး**

ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးပြည်သူ့ဆေးရုံကြီးသို့ သွားရောက်၍ အိတ်ချ်အိုင်ဗွီရောဂါကုသမှု ပြင်ပလူနာဌာန (Integrated HIV Care Clinic) တွင် လူနာများကြည့်ရှုကုသပေးနေသည့်အခြေအနေ၊ ကင်ဆာဓာတ်ရောင်ခြည်ဌာန (Radiation Oncology)တွင် တပ်ဆင်ထားရှိသော စက်ပစ္စည်းများ၊ ဓာတ်ရောင်ခြည်ဖြင့် ကုသမှုများနှင့် ကင်ဆာဆေးပညာ (medical oncology)ဌာနတွင် ဆေးသွင်းကုသမှုအခြေအနေတို့ကိုကြည့်ရှု၍ လူနာများအချိန်နှင့်တစ်ပြေးညီ ကုသမှုခံယူနိုင်ရေး၊ စိတ်ချမ်းမြေ့စွာကုသနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် မှာကြားကာ ဓာတ်ရောင်ခြည် ကုသမှုခံယူနေသည့် လူနာများနှင့် ဆေးသွင်းကုသမှုခံယူနေသည့် လူနာများကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရောဂါရှာဖွေရေး ဓာတ်ခွဲဌာနသို့သွားရောက်၍ ဓာတ်ခွဲစစ်ဆေးမှု ဆောင်ရွက်နေသည့်အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး စွမ်းအားပြည့် ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် နှလုံးရောဂါ ဆေးကုသမှုဌာနရှိ နှလုံးရောဂါလူနာများ ပြန်လည်သန်စွမ်းရေးဌာနတွင် စက်ပစ္စည်းများ တပ်ဆင်ထားရှိမှု၊ နှလုံးနှင့်သွေးကြောကုသမှုအခန်း (Cardiac cath lab) နှင့် နှလုံးအထူးကြပ်မတ်ကုသဌာန (CCU)တွင်လူနာများ တက်ရောက်ကုသနေမှု၊ နှလုံးအထူးကြပ်မတ် ကုသဌာနအဆောင်သစ်ပြင်ဆင်ထားရှိမှု၊ ရောဂါရှာဖွေရေး ဓာတ်မှန်ဌာနရှိ CT နှင့် MRI စက်များ တပ်ဆင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကာ လူနာများသက်သောင့်သက်သာရှိစွာဖြင့် ဆေးကုသမှုခံယူနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန် မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနသို့သွားရောက်ကာ အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေရေးဆိုင်ရာ စက်ပစ္စည်းများနှင့် လုပ်ငန်းများဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဆေးကုသရေးလုပ်ငန်းများ ပိုမိုတိုးတက်ရေး ဆောင်ရွက်ကြရန်၊ လူနာများ အားကိုးအားထားရသည့် ပြည်သူ့ဆေးရုံကြီးအဖြစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်ပေးကြရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားအထည်လိပ်မှုဝါဒကို သက်ဆိုင်ရာဦးစီးဌာနက ရေးဆွဲအတည်ပြုပြီးဖြစ်၍ မကြာမီ အတည်ပြု ထုတ်ပြန်ပြီးပါက CMP စနစ်မှ FOB စနစ်သို့ ကူးပြောင်းနိုင်မည့် အခွင့်အလမ်းအသစ်များ ရရှိနိုင်မည်

**နေပြည်တော် ဇူလိုင် ၂၈**

အထည်ချုပ် လုပ်ငန်းတွင် Assessment Center များ တိုးမြှင့် တည်ထောင်ရေး၊ Assessorများ ပိုမိုမွေးထုတ်ပေးရေးနှင့် CMP လုပ်ငန်းများ စစ်ဆေးရေး ဆပ်ကော်မတီ (တတိယအကြိမ်) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ကြပ်မတ်ဆောင်ရွက်**

အစည်းအဝေးတွင် CMP လုပ်ငန်းများ စစ်ဆေးရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးဝင်းရှိန်က CMP လုပ်ငန်းများသည် အခွန်ကင်းလွတ်ခွင့်ရရှိပြီး လုပ်သားအခြေပြု၊ အလုပ်အကိုင် အခွင့်အလမ်း အများဆုံးဖန်တီးပေးနိုင်သည့် လုပ်ငန်းဖြစ်ကြောင်း၊ CMP လုပ်ငန်းများ စစ်ဆေးရေး ဆပ်ကော်မတီများအနေဖြင့် မိမိလုပ်ငန်းတာဝန်အရ စည်းကြပ်ရန် လိုအပ်သည့် CMP လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ရေး၊ အမှာစာရရှိမှုနှင့်အတူ ကုန်ကြမ်းတင်သွင်းမှု၊ ကုန်ချောပစ္စည်းများ မှန်ကန်စွာ တင်ပို့နိုင်ရေး၊ ထုတ်လုပ်ပြီး ကုန်ပစ္စည်းများ Reject လျော့နည်းစေရေး၊ စာရင်းဇယားများ စနစ်တကျထားရှိရေး၊ တည်ဆဲဥပဒေများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရေး စသည်တို့ကို အလေးထား ကြပ်မတ် ဆောင်ရွက်ရန် လိုကြောင်း။

CMP ကုန်ကြမ်းတင်သွင်းရာတွင် ဖြေလျှော့ပေးမှုများရှိကြောင်း၊ အမျိုးသားအထည်လိပ်မှုဝါဒကို သက်ဆိုင်ရာဦးစီးဌာနက ရေးဆွဲ အတည်ပြုပြီးဖြစ်၍ မကြာမီ အတည်ပြုထုတ်ပြန်ပြီးပါက CMP စနစ်မှ FOB စနစ်သို့ ကူးပြောင်းနိုင်မည့် အခွင့်အလမ်းအသစ်များ ရရှိနိုင်မည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားနိုင်ရန် လုပ်ခလစာနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အတွင်း One Stop Service Center နှင့် ချိတ်ဆက်ထုတ်ပေးလျက်ရှိကြောင်း၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး အသိပညာ တိုးတက်စေရေး သက်ထောက်ကူပြု မော်တော်ယာဉ် (Mobile Team Bus) ဖြင့် စက်ရုံ၊ အလုပ်ရုံများသို့ ကွင်းဆင်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

CMP လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ငန်းခွင်တည်ငြိမ်အေးချမ်းရေး၊ ကုန်ထုတ်လုပ်မှုမြင့်မားရေး၊ အငြင်းပွားမှုလျော့နည်းစေရေးအတွက် အလုပ်ရှင်၊ အလုပ်သမားများ အပြန်အလှန် ယုံကြည်လေးစား၍ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှု အားကောင်းရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် CMP လုပ်ငန်းများ စစ်ဆေးရေး ဆပ်ကော်မတီ အတွင်းရေးမှူး၊ အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများက အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အထည်ချုပ် အလုပ်အကိုင်ကို အဓိက ဦးစားပေးပြီး Assessment Center များ တိုးချဲ့တည်ထောင်ရေး၊ Chief Assessor ၊ Assessor များ Inspector များ ပိုမိုမွေးထုတ်နိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် အလေးထား ပူးပေါင်း ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်သား ၁၀၀၀ နှင့် အထက်ရှိသော အထည်ချုပ်စက်ရုံများမှ Assessment Center တည်ထောင်မှုကို ဦးစားပေးဆောင်ရွက်ပေးရန်နှင့် စက်ရုံတစ်ရုံလျှင် Chief Assessor တစ်ဦးနှင့် Assessor ငါးဦး စုစုပေါင်း ခြောက်ဦးနှုန်း မွေးထုတ်ပေးနိုင်ရန် ဩဂုတ် ၁ ရက်တွင် လှိုင်သာယာစက်မှုဇုန်၌ Assessor Methodology Training ကို စတင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဩဂုတ် ၈ ရက်တွင် ရွှေလင်ဗန်းစက်မှုဇုန်၌ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်းနှင့် သတ်မှတ် အရည်အချင်းနှင့်ကိုက်ညီသော သင်တန်းသားများ စေလွှတ်ပေးနိုင်ရေး တိုက်တွန်းပါကြောင်း ပြောကြားသည်။

**သတင်းစဉ်**

■

# ညောင်တုန်းမြို့နယ်၌ အမှိုက်စွန့်ပစ်မှု ပညာပေးခြင်းနှင့် ကစားနည်းပြိုင်ပွဲကျင်းပ

**ညောင်တုန်း ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အမှိုက်စွန့်ပစ်မှုပညာပေးခြင်းနှင့် ကစားနည်းပြိုင်ပွဲများကို ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းက မြို့မအခြေခံပညာအထက်တန်းကျောင်း (ခွဲ)၌ ပြုလုပ်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်က အမှိုက်စွန့်ပစ်မှုပညာပေးဟောပြောပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိဦးခင်မောင်ဦးက အမှိုက်အမျိုးအစားများအကြောင်း၊ အမှိုက်များကိုစနစ်တကျ မစွန့်ပစ်ခြင်းကြောင့်ဖြစ်ပွားနိုင်သည့်ရောဂါများအကြောင်း၊ ရေထု၊ လေထု၊ မြေထု ညစ်ညမ်းခြင်းအကြောင်းအရာများကို အသိပညာပေးဆွေးနွေးဟောပြောသည်။

ထို့နောက် ဒုတိယဦးစီးမှူးဦးအောင်နိုင်က အမှိုက်အမျိုးအစားအလိုက် စနစ်တကျစွန့်ပစ်နည်း၊ ပလတ်စတစ်အမှိုက်လျှော့ချသည့်နည်းများကိုဟောပြောကာ တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများကို အားကစားပြိုင်ပွဲနှင့် မေးခွန်းများပြန်လည်မေးမြန်း၍ အဖြေမှန်သူများအား ဆုလက်ဆောင်များပေးအပ်ကြောင်းသိရသည်။

**မြို့နယ်(ပြန်ဆက်)**



# ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**စစ်ကိုင်း ဇူလိုင် ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် - စစ်ကိုင်း၌ ၂၀၂၂ ခုနှစ် ဒုတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများနှင့် ဆရာ ဆရာမများ၊ အရာထမ်း၊ အမှုထမ်းများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး ရတနာတန်းဝင်ကျွန်းပင် ၂၀၀၊ သစ်ပိတောက်ပင် ၃၀၊ ယင်းမာပင် ၇၀ စုစုပေါင်းပျိုးပင် ၃၀၀ စိုက်ပျိုးခဲ့သည်။ ဒီဂရီကောလိပ် - စစ်ကိုင်း၌ ယခုမိုးရာသီကာလအတွင်း ပျိုးပင် စုစုပေါင်း ၁၃၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သျှားထက်**

# ကိုယ်ပြုသည့်ကံ ကိုယ်ပြန်ခံရခြင်းသာတည်း

**ကျွန်ုပ်တို့သည် မွေးသည်မှ သေသည်အထိ ဘဝတစ်လျှောက်လုံး အလုပ်များကို ဆက်တိုက်လုပ်ကြရသည်။ ကြားပြတ်သည်ဟူ၍မရှိ။ အလုပ်ကို ပါဠိဝေါဟာရဖြင့် "ကံ"ဟု ဆိုသည်။ ကံကို မြန်မာပြန်ဆိုလျှင် "အမှု"ဟု ဆိုကြသည်။ ကိုယ်ဖြင့်လုပ်သောအမှုကို "ကာယကံအမှု"၊ နှုတ်ဖြင့်လုပ်သောအမှုကို "ဝစီကံအမှု"၊ စိတ်ဖြင့်လုပ်သောအမှုကို "မနောကံအမှု"ဟု ဆိုကြသည်။**

**မောင်သောမန**

"ကံ"သည် ကမ္မနိယာမအရ တူသောအကျိုးကို ပေး၏။ တူသောအကျိုးဆိုသည်မှာ မိမိပြုလုပ်သည့် ကောင်းကံ၊ မကောင်းကံအရ ထပ်တူပြန်ရသည်ဟု ဆိုလိုခြင်းဖြစ်၏။ ကံအကျိုးပေးသည် ပိုလည်းမပို၊ လိုလည်းမလို၊ လျှော့၍လည်းမရ၊ တိုး၍လည်း မရပေ။ ကံကို လိမ်ညာ၍မရ၊ အရှိကို အရှိအတိုင်း ခံစားကြရ၏။ ပုထုဇဉ်တို့သည် မိမိလုပ်သောအမှုကို အကောင်းချည်းဟုသာ ထင်တတ်၏။ အမှန်ကို မမြင်သဖြင့် ပုထုဇဉ်ဖြစ်ကြသည်။ ပြုလုပ်သောအမှုမှန်၊ မမှန် သေခါနီးအခါမှ သိရ၏။


**အကုသိုလ်အမှု**

မကောင်းမှုပြုထားသော ဝရမ်းပြေးသည် ရာဇဝတ်ဘေးမှပြေးလျှင် လွတ်ချင်လွတ်နေပေလိမ့်မည်။ မလွတ်လျှင် ဥပဒေ၏ စီရင်ခြင်းကို မလွှဲမသွေခံရမည်ဖြစ်သည်။ အပြစ် အကြီး၊ အသေးပေါ်မူတည်၍ ပြစ်ဒဏ် အကြီး၊ အသေးခံရ၏။ အမှုသေးကို အပြစ်ကြီးကြီးချ၍မရသလို အမှုကြီးကို အပြစ်သေးသေးချ၍မရပေ။ သံသရာတွင်လည်း အကုသိုလ်အမှု၊ ကုသိုလ်အမှုတို့သည် အလားတူဖြစ်၏။ ရာဇဝတ်ဘေးမှာ ပြေး၍လွတ်နိုင်သေးသော်လည်း သံသရာဘေးမှာ ၃၁ ဘုံ၌ ဘယ်နေရာပြေးပြေး အကုသိုလ်အပြစ်ဒဏ်မှ လွတ်နိုင်လိမ့်မည် မဟုတ်ချေ။ အပယ်လေးပါးအပြစ်ဒဏ်ကို အကုသိုလ်အမှု အကြီး၊ အသေးအလိုက် ကျခံကြရသည်။

လောကတွင် မည်သည့်လူမျိုး၊ မည်သည့်ဘာသာဝင်မဆို မိမိပြုလုပ်ခဲ့သောအလုပ်၏ အကျိုးပေးအတိုင်း ကောင်းမွေ၊ ဆိုးမွေတို့ကို တိတိကျကျ ခံစားကြရသည်။ မည်သည့်ဘာသာဝင်၊ မည်သည့်လူမျိုးဖြစ်စေ ကိုယ်ပြုလုပ်ခဲ့သည့် အကုသိုလ်ကံ အကျိုးပေးတို့ကို ဖျောက်ဖျက်ပစ်၍မရပေ။ အဆစ်တောင်း၍လည်းမရပေ။ ခြွင်းချက်အားဖြင့် မိမိပြုလုပ်ခဲ့သော ကောင်းကံအနည်း၊ အများအလိုက် လျှော့ပေါ့သက်သာခွင့်တော့ ရနိုင်ပါသည်။ လောကဓမ္မတာ ကမ္မနိယာမအရဖြစ်စေ၊ ဥပဒေကြောင်းအရ စီရင်ဆုံးဖြတ်ချက်အရဖြစ်စေ မိမိပြုသမျှအမှု "ကံ"အရ အညီအမျှသာ ခံကြရသည်သာဖြစ်သည်။

မျက်မှောက်ကာလတွင် တိုင်းပြည်ကို ပျက်စီးစေသော၊ လူအများကို သေကျေပျက်စီးစေသော အမှုများအား ပြုလုပ်နေကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ ပျက်စီးစေသောအမှုများသည် မကောင်းသောအမှု၊ မကောင်းသောကံများဖြစ်၍ ဓမ္မအရဖြစ်စေ၊ ဥပဒေအရဖြစ်စေ တူညီသောအကျိုး၊ ထိုက်သင့်သည့်ပြစ်ဒဏ်များကို ခံကြရမည်ဖြစ်သည်။

**ကျော်မင်းယု (ခ) ဂျင်မီ ဦးဆောင်သော Moon Light Operation အကြမ်းဖက်အုပ်စု ဖွဲ့စည်းမှုအခြေပြဇယား**




ကိုယ်ပြုသည့် "ကံ" အမှုအလိုက် ထိုက်တန်သည့် အပြစ်ကို ခံရခြင်းဖြစ်၍ စောဒကတက်စရာအကြောင်း မရှိပေ။ လတ်တလောတွင် သေဒဏ်ကျခံရမည့် အကျဉ်းသားလေးဦးအား ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ပြစ်ဒဏ်စီရင်ဆောင်ရွက်ပြီးစီးကြောင်း သက်ဆိုင်ရာမှ သတင်းထုတ်ပြန်လိုက်သည့်အခါ ကံ ကံ၏အကျိုးကို နားမလည်သော၊ နားလည်ပါလျက်နှင့် နားမလည်ချင်ယောင်ဆောင်နေသော ပြည်တွင်း၊ ပြည်ပမှပုဂ္ဂိုလ်များက အမျိုးမျိုးအဖုံဖုံ စောကြောဝေဖန်နေကြသည်ကို ကြားသိရပေသည်။

**ကျူးလွန်ခဲ့သည့်အပြစ်**

အကျဉ်းသားလေးဦးသည် ၎င်းတို့ပြုခဲ့သည့်၊ ကျူးလွန်ခဲ့သည့်အတိုင်း ဥပဒေနှင့်အညီ စီရင်ခံရခြင်းဖြစ်၍ ဝမ်းသာစရာလည်းအကြောင်းမရှိ၊ ဝမ်းနည်းစရာလည်း အကြောင်းမရှိပေ။ နိုင်ငံတကာတွင် သေဒဏ်ထိုက်သည့်အပြစ် ကျူးလွန်သူကို သေဒဏ်အပြစ်ပေးမှုများရှိနေသည်ကို သိပါလျက်နှင့် ယခုသေဒဏ်စီရင်ခဲ့သည့်အမှုကို မတရားဘူး၊ ရက်စက်မှု၊ ယုတ်မာမှု၊ လူသားမဆန်မှု စသည်ဖြင့် ဝေဖန်စောကြောမှုများ ပြုလုပ်နေခြင်းသည် မြန်မာနိုင်ငံ၌ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ ရက်ရက်စက်စက် သတ်ဖြတ်နေသည့် အကြမ်းဖက်သမားများ အတင့်ရဲလာအောင်၊ ဆက်လက်ကျူးလွန်လာအောင် အားပေးနေသည့်သဘောသက်ရောက်နေသည်ကို သတိပြုမိဖို့လိုပါသည်။

> **"အကျဉ်းသားလေးဦးသည် ၎င်းတို့ပြုခဲ့သည့်၊ ကျူးလွန်ခဲ့သည့်အတိုင်း ဥပဒေနှင့်အညီ စီရင်ခံရခြင်းဖြစ်၍ ဝမ်းသာစရာလည်းအကြောင်းမရှိ ဝမ်းနည်းစရာလည်း အကြောင်းမရှိပေ။ နိုင်ငံတကာတွင် သေဒဏ်ထိုက်သည့် အပြစ်ကျူးလွန်သူကို သေဒဏ်အပြစ်ပေးမှုများရှိနေသည်ကို သိပါလျက်နှင့် ယခုသေဒဏ်စီရင်ခဲ့သည့် အမှုကို မတရားဘူး၊ ရက်စက်မှု၊ ယုတ်မာမှု၊ လူသားမဆန်မှုစသည်ဖြင့် ဝေဖန်စောကြောမှုများ ပြုလုပ်နေခြင်းသည် မြန်မာနိုင်ငံ၌ အပြစ်မဲ့ပြည်သူများအား အကြောင်းမဲ့ ရက်ရက်စက်စက်သတ်ဖြတ်နေသည့် အကြမ်းဖက်သမားများ အတင့်ရဲလာအောင်၊ ဆက်လက်ကျူးလွန်လာအောင် အားပေးနေသည့်သဘော သက်ရောက်နေသည်ကို သတိပြုမိဖို့လို"**

ထို့ကြောင့် သေဒဏ်စီရင်ခံရသည့် အကျဉ်းသားလေးဦး ကျူးလွန်ခဲ့သည့်အမှုများကို အများသိပြီးသားဖြစ်သော်လည်း ထပ်မံ၍ အကျဉ်းချုပ်တင်ပြလိုက်ရပါသည်။

၂၀၂၁ ခုနှစ် မတ် ၁၄ ရက်နေ့မှစတင်၍ နိုင်ငံတော်အတွင်း အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ ဖြစ်ပွားလာခဲ့ရာ ယင်းလုပ်ရပ်များတွင် ဖြိုးဇေယျာသော်(ခ) မောင်ကျော်(ခ)ရေခဲ၊ ကျော်မင်းယု(ခ)ဂျင်မီ၊ လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီးနှင့် အောင်သူရဇော်(ခ)ကတုံး(ခ)သူရတို့သည် ရက်စက်ပြီး လူမဆန်သည့် အကြမ်းဖက်သတ်ဖြတ်မှုများကို ကျူးလွန်ရာတွင် စီစဉ်ညွှန်ကြားခြင်း၊ စီမံဆောင်ရွက်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း၊ ကိုယ်တိုင်ပါဝင်ကျူးလွန်ခြင်းတို့ကြောင့် အပြစ်မဲ့ပြည်သူအမြောက်အမြား သေဆုံးခဲ့ရသည်။ ၂၀၂၁ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် အကြမ်းဖက် NUG အဖွဲ့ဝင် ဖြိုးဇေယျာသော်အား ၎င်းနေအိမ်တွင် ပစ္စတို နှစ်လက်၊ ကျည် ၄၈ တောင့်၊ M–16 သေနတ် တစ်လက်၊ ကျည် ၇၄ တောင့်နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။

ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နေသော တရားခံ ၂၉၃ ဦးတို့ကို လက်နက်မျိုးစုံ ၁၆၉ လက်၊ လက်လုပ်သေနတ်မျိုးစုံ ၂၃၁ လက်၊ လက်လုပ်စိန်ပြောင်း၊ ကျည်မျိုးစုံ၊ လက်ပစ်ဗုံးမျိုးစုံ၊ လက်လုပ်မိုင်းမျိုးစုံ၊ ဗုံးသီးမျိုးစုံ၊ ယမ်းမျိုးစုံစသည့် လက်နက်ခဲယမ်းအမြောက်အမြားနှင့်ဆက်စပ်ပစ္စည်းများ၊ လုပ်ကြံသတ်ဖြတ်မည့် စာရင်းစာအုပ်များနှင့် မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ဖြိုးဇေယျာသော်၏ ထွက်ဆိုချက်အရ အကြမ်းဖက် NUG အဖွဲ့ဝင် ရည်မွန်နှင့် လွင်ကိုလတ်က ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန် လက်နက်ငယ်မျိုးစုံ ၃၅၃ လက်၊ ကျည်အိမ်မျိုးစုံ ၄၇၆ ခု၊ ခဲယမ်းမျိုးစုံနှင့် ဖောက်ခွဲဖျက်ဆီးရေးမျိုးစုံတို့ကို ပို့ဆောင်ပေးခဲ့သည်။

**လုပ်ကြံသတ်ဖြတ်**

ဖြိုးဇေယျာသော်သည် အကြမ်းဖက်အဖွဲ့ ၂၀ အား NUG ထံမှရရှိခဲ့သော လက်နက်ခဲယမ်းများ ထုတ်ပေးကာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အကြမ်းဖက်လုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ဆောင်ရွက်ခဲ့သည်။ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားပျက်ပြားစေရန် တာဝန်ထမ်းဆောင်နေသော မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာစီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအား သတ်ဖြတ်ခြင်း၊ ပြည်ခိုင်ဖြိုးပါတီဝင်များအပါအဝင် မတူကွဲပြားသောပါတီဝင်များနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ခြင်းများ ကျူးလွန်ခဲ့သည့်အပြင် အစိုးရအဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးခြင်း အကြိမ် ၃၀၊ ရပ်ကွက်စီမံအုပ်ချုပ်ရေးရုံးများ ဖောက်ခွဲဖျက်ဆီးခြင်း ၃၂ ကြိမ်၊ လျှပ်စစ်ရုံးနှင့် အနီးပတ်ဝန်းကျင် ဖျက်ဆီးမှု ကိုးကြိမ်၊ ကညနရုံးနှင့် အနီးပတ်ဝန်းကျင် ဖောက်ခွဲဖျက်ဆီးမှု ကိုးကြိမ်၊ ယာဉ်ထိန်းရုံးများအား ဖောက်ခွဲဖျက်ဆီးမှု ၁၂ ကြိမ်၊ CCTV Control Box များ ဖောက်ခွဲဖျက်ဆီးမှု ငါးကြိမ်၊ အများပြည်သူနှင့် သက်ဆိုင်သည့်နေရာများ ဖောက်ခွဲဖျက်ဆီးမှု အကြိမ် ၆၀၊ ဘာသာရေးအဆောက်အအုံ ဖျက်ဆီးမှု နှစ်ကြိမ်၊ စာသင်ကျောင်းများ ဖောက်ခွဲဖျက်ဆီးမှု သုံးကြိမ် ဆောင်ရွက်ခဲ့ပြီး လုပ်ကြံသတ်ဖြတ်ဖျက်ဆီးရေးအဖွဲ့များ Mission ဆောင်ရွက်မည့် တင်ပြချက်အပေါ်မူတည်၍ လက်နက်ခဲယမ်းများ ထုတ်ပေးခဲ့ပြီး အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်မှု ၂၈ ကြိမ် ကျူးလွန်ခဲ့သည်။

အကြမ်းဖက် CRPH နှင့် NUG အဖွဲ့ဝင်များက နည်းလမ်းပေါင်းစုံဖြင့် ငွေကြေးများရှာဖွေပြီး ၎င်းထံသို့ တရားမဝင်လမ်းကြောင်းမှ ပို့ဆောင်ပေးခဲ့သည်။ ရငွေများကို လက်နက်ခဲယမ်းနှင့် ဖောက်ခွဲရေးပစ္စည်းများ ဝယ်ယူခြင်း၊ လိုင်စင်မဲ့မော်တော်ယာဉ်များ ဝယ်ယူခြင်း၊ အကြမ်းဖက်အဖွဲ့ဝင်များ ပုန်းခိုနေထိုင်ရန် နေအိမ်များ ငှားရမ်းပေးခြင်း၊ ဖောက်ခွဲရေးလုပ်ငန်းများနှင့် အပြစ်မဲ့ပြည်သူများအား လုပ်ကြံသတ်ဖြတ်ရာတွင် အောင်မြင်မှုအပေါ်မူတည်၍ အကြမ်းဖက်သမားများအား ချီးမြှင့်ငွေများ ထောက်ပံ့ပေးခြင်းနှင့် အချို့ကို ကိုယ်ကျိုးအတွက် ရယူသုံးစွဲခဲ့ကြောင်း သိရသည်။ ဖြိုးဇေယျာသော်၏ စေခိုင်းမှုဖြင့် အကြမ်းဖက်သမားများက ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်သတ်ဖြတ်မှုများ ဆောင်ရွက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦး၊ အပြစ်မဲ့ပြည်သူ ၂၁ ဦး သေဆုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်နှင့် ပြည်သူ ၁၄ ဦး ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

**စာမျက်နှာ ၇ သို့ ○**

○ စာမျက်နှာ ၆ မှ

**အကြမ်းဖက်အဖွဲ့ဖွဲ့စည်း**

အကြမ်းဖက် CRPH နှင့် NUG ၏ နိုင်ငံရေးနှင့် လုံခြုံရေးအကြံပေး ကျော်မင်းယု(ခ)ဂျင်မီကို ၂၀၂၁ ခုနှစ် အောက်တိုဘာလ ၂၄ ရက်တွင် ၎င်း၏နေအိမ်၌ AK–47 သေနတ်ခြောက်လက်၊ M–16 သေနတ် ရှစ်လက်၊ ၁၂–ဗို့ သေနတ်နှစ်လက်၊ ဒေသန္တရ လုပ်သေနတ်တစ်လက်၊ ကျည်အိမ် ၁၈ ခုတို့နှင့် အတူ ဖမ်းဆီးရမိခဲ့သည်။ ကျော်မင်းယုသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနှင့်မတ်လအတွင်း ဆူပူဆန္ဒပြ လှုပ်ရှားမှုများနှင့် ဝန်ထမ်းများ CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် ဝါဒဖြန့်လှုံ့ဆော်မှုများ ပြုလုပ်ခဲ့သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ငန်းများလုပ်ဆောင်ရန် ၂၀၂၁ ခုနှစ် ဧပြီလတွင် Moon Light Operation အဖွဲ့ကို စတင်ဖွဲ့စည်းခဲ့သည်။

**ကျော်မင်းယု စီမံညွှန်ကြားသည့် ၎င်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ အုပ်ချုပ်ရေးမှူးများကို သတ်ဖြတ်ခြင်း၊ အခြားပါတီဝင်များအား သတ်ဖြတ်ခြင်း၊ ၎င်းတို့ပါတီအား မထောက်ခံသူများကို သတင်းပေး၊ ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်း၊ ဓာတ်အားပေးစက်ရုံများ၊ အစိုးရအဆောက်အအုံများ၊ ပုဂ္ဂလိကဘဏ်များ စသည့် အရပ်ဘက်ပစ်မှတ်များနှင့်အပြစ်မဲ့ပြည်သူများကို ဦးတည်တိုက်ခိုက်ခြင်းများ ကျူးလွန်ခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်ရေးအတွက် ၎င်းအဖွဲ့အား လွှင်ကိုလတ်က AK–47 နှင့် M–16 သေနတ် အလက် ၃၀၊ ကျည်တောင့် ၆၀၀၊ ကျည်ကတ် ၉၀ နှင့် ဗုံးဖောက်ရန် ကတ်သီး ၅၀၀ ကို ကျော်မင်းယုအား ပေးအပ်ခဲ့သည်။ ၎င်းအဖွဲ့သည် ဖြိုးဇေယျာသော် ဦးဆောင်သည့် ရန်ကုန်မြို့ပြပြောက်ကျားအဖွဲ့နှင့် ပူးပေါင်း၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ကြီးမားသော အကြမ်းဖက်လုပ်ငန်းရှစ်ခုကို လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲပြီး ညွှန်ကြားစေခိုင်းခဲ့သည်။**

> **ကျော်မင်းယု စီမံညွှန်ကြားသည့် ၎င်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမများ၊ စာသင်ကျောင်းများကို ပစ်မှတ်ထားတိုက်ခိုက်ခြင်း၊ အုပ်ချုပ်ရေးမှူးများကို သတ်ဖြတ်ခြင်း၊ အခြားပါတီဝင်များအား သတ်ဖြတ်ခြင်း၊ ၎င်းတို့ပါတီအား မထောက်ခံသူများကို သတင်းပေး၊ ဒလန်အဖြစ် စွပ်စွဲသတ်ဖြတ်ခြင်း၊ ဓာတ်အားပေးစက်ရုံများ၊ အစိုးရအဆောက်အအုံများ၊ ပုဂ္ဂလိကဘဏ်များ စသည့်အရပ်ဘက်ပစ်မှတ်များနှင့် အပြစ်မဲ့ပြည်သူများကို ဦးတည်တိုက်ခိုက်ခြင်းများ ကျူးလွန်ခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်ရေးအတွက် ၎င်းအဖွဲ့အား လွှင်ကိုလတ်က AK-47 နှင့် M-16 သေနတ်အလက် ၃၀၊ ကျည်တောင့် ၆၀၀၊ ကျည်ကတ် ၉၀ နှင့် ဗုံးဖောက်ရန် ကတ်သီး ၅၀၀ ကို ကျော်မင်းယုအား ပေးအပ်ခဲ့သည်။ ၎င်းအဖွဲ့သည် ဖြိုးဇေယျာသော်ဦးဆောင်သည့် ရန်ကုန်မြို့ပြပြောက်ကျားအဖွဲ့နှင့် ပူးပေါင်း၍ ရန်ကုန်မြို့အတွင်း အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။ ကြီးမားသော အကြမ်းဖက်လုပ်ငန်းရှစ်ခုကို လုပ်ဆောင်ရန် အစီအစဉ်ရေးဆွဲပြီး ညွှန်ကြားစေခိုင်းခဲ့**

**အကြိမ်ကြိမ်ဆောင်ရွက်**

ကျော်မင်းယုသည် ရန်ကုန်တိုင်းဒေသကြီး အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် နွေဦးကဲ့ကော်အဖွဲ့သို့ လက်နက်ခဲယမ်းများ ဝယ်ယူရန် ငွေကျပ် ၅၅ သိန်း ထောက်ပံ့ပေးခြင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ပြည်သူ့အင်အားစုအဖွဲ့နှင့် ပူးပေါင်းပြီး အမေရိကန်ဒေါ်လာသိန်းတစ်ထောင်ခန့် တန်ဖိုးရှိ သေနတ်ထုတ်လုပ်နိုင်သော 3D Printer ဝယ်ယူရန် NUG ထံသို့ ဆက်သွယ်တောင်းခံခဲ့ခြင်း၊ အကြမ်းဖက်အဖွဲ့အစည်းများအား ငွေကြေး ထောက်ပံ့ရန် အမေရိကန်ဒေါ်လာများဝယ်ယူ၍ မြန်မာကျပ်ငွေဖြင့် လဲလှယ်ခြင်းများကို အကြိမ်ကြိမ် ဆောင်ရွက်ခဲ့သည်။ အကြမ်းဖက်တိုက်ခိုက်မှုများ ဖော်ဆောင်နိုင်ရန် လိုအပ်သည့် လက်နက်၊ ခဲယမ်း၊ C–4 ယမ်းတောင့်၊ လက်ပစ်ဗုံး၊ ကတ်သီး၊ Drone၊ ဂြိုဟ်တုဖုန်း၊ ရေဒီယိုစကားပြောစက်၊ ငွေကြေးနှင့် နည်းပညာပံ့ပိုးပေးနိုင်ရေးအတွက် အကြမ်းဖက် NUG/CRPH/NUCC အဖွဲ့ဝင်တို့နှင့် အပတ်စဉ် Zoom Meeting ဖြင့် ဆွေးနွေးတိုင်ပင်ခဲ့ကြသည်။

၂၀၂၁ ခုနှစ် မတ်လ ၁၄ ရက်နေ့ ည ၉ နာရီခန့်တွင် လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီး ခေါင်းဆောင်ပြီး လှိုင်သာယာမြို့နယ် အောင်မေတ္တာရပ်ကွက်အတွင်းရှိ ဆူပူအကြမ်းဖက်သူ ၂၀ ခန့်သည် အဆိုပါရပ်ကွက်တွင် နေထိုင်သည့် အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦးနှင့် အိမ်အကူအမျိုးသမီးတစ်ဦးတို့အား သံပုံးမတီးခြင်းကို အကြောင်းပြကာ သူလျှို၊ ဒလန်ဟု စွပ်စွဲ၍ လက်ပြန်ကြိုးတုပ်ပြီး ဘုန်းကြီးကျောင်းတစ်ကျောင်းသို့ခေါ်ဆောင်၍ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်ခဲ့သည်။ ကျောင်းအတွင်းရှိ သံဃာတော်များက ရိုက်နှက်ညှဉ်းဆဲခြင်း မပြုလုပ်ရန် မေတ္တာရပ်ခံသဖြင့် အဆိုပါအမျိုးသမီးနှစ်ဦးကို ရပ်ကွက်အတွင်းရှိ ဓမ္မာရုံသို့ ပြောင်းရွှေ့ခေါ်ဆောင်ကာ ထပ်မံညှဉ်းပန်းနှိပ်စက်ခဲ့သည်။ ထို့နောက် အမျိုးသမီး၏နေအိမ်သို့ ပြန်လည်ခေါ်ဆောင်ကာ ရိုက်နှက်ညှဉ်းဆဲမှုများ ပြုလုပ်ခဲ့သည်။

**မသေမချင်းသတ်ဖြတ်**

**မတ်လ ၁၅ ရက်နေ့ နံနက်တွင် လှမျိုးအောင်(ခ) ကိုမျိုး(ခ)ဝက်ကြီးနှင့် အောင်သူရဇော်(ခ)ကတုံး(ခ) သူရတို့သည် အိမ်အကူအမျိုးသမီးကို နေအိမ်တွင် ပိတ်လှောင်ထားခဲ့ပြီး အပြစ်မဲ့ပြည်သူအမျိုးသမီး အား တွံတေးမြို့နယ် ဗျောက်ရိုးကျေးရွာအနီးသို့ မော်တော်ယာဉ်ဖြင့်ခေါ်ဆောင်ပြီး အသင့်ယူဆောင်လာသော ကိုးလက်မ နှစ်ဖက်သွားဓားဖြင့် ငါးချက်ထိုးခဲ့သည်။ အမျိုးသမီးမှာ ဒဏ်ရာဖြင့် ရှန်းကန်နေစဉ် အောင်သူရဇော်(ခ)ကတုံး(ခ)သူရက အမျိုးသမီး ဝတ်ဆင်ထားသော ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်းတို့ကို ဖြုတ်ယူပြီး ကားအောက်သို့ ဆွဲချကာ ဓားဖြင့်နှစ်ချက် ထပ်မံထိုးပြီး ရက်စက်စွာ မသေမချင်းသတ်ဖြတ်ခဲ့သည်။ ထို့နောက် အမျိုးသမီး အလောင်းအား ချုံပုတ်အတွင်း ပစ်ထားခဲ့သည်။**

အထက်ပါ တရားခံလေးဦး၏ ကျူးလွန်ခဲ့သော အမှုများသည် အလွန်ကြီးလေးသော အမှုများကို ကျူးလွန်ခဲ့ခြင်းဖြစ်၍ သေဒဏ်စီရင်ခဲ့ခြင်း ဖြစ်ပေသည်။ ၎င်းတို့ကျူးလွန်ခဲ့သော ပြစ်မှုများနှင့် ထိုက်တန်သော စီရင်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်ပေသည်။ လူအများကို ရက်စက်စွာသတ်ဖြတ်နိုင်ရန် အတွက် ကြံစည်အားထုတ် ကြိုးပမ်းခဲ့သူများအပေါ်တွင် ဝမ်းနည်း၊ ဝမ်းသာဖြစ်ရန် မလိုအပ်ပေ။ ကံ ကံ၏ အကျိုးပေးကို ပြန်လည်ခံစားရခြင်း ဖြစ်ပေသည်။ အကျဉ်းသားလေးဦးအား သေဒဏ်စီရင်လိုက်သည့် အပေါ်တွင် ကရုဏာပွား ဝေဖန်နေကြသည့် ပြည်ပနိုင်ငံကြီးအချို့၏ ပြောဆိုနေမှုများမှာလည်း အထူးအဆန်းတော့မဟုတ်ပါ။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို လိုသလိုဖွင့်ဆိုသည့် အနောက်အုပ်စုက အကြမ်းဖက်သမားများကို ဒီမိုကရေစီသူရဲကောင်းသဖွယ် ပွဲထုတ်လာကြပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို ဆောင်ရွက်သော အစိုးရကို အကြမ်းဖက်လုပ်ရပ်အဖြစ် အပြစ်ပုံချသည့်လမ်းကြောင်းကို ဖော်ဆောင်လာခြင်းဖြစ်သည်။

**တရားမျှတမှုရှိရမည်**

အမေရိကန်နိုင်ငံ၌ အပြစ်မဲ့ပြည်သူများအား ပစ်ခတ်တိုက်ခိုက်သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားအား အမေရိကန်တရားရေးက မည်သို့တရားစီရင်သည်ကိုမူ မည်သူမျှ မေးခွန်းမထုတ်ကြချေ။ ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူဆိုသည်မှာ ဒီမိုကရေစီအခွင့်အရေးရရှိရေးအတွက် တက်ကြွစွာ လှုံ့ဆော်စည်းရုံးနေသူသာဖြစ်ပြီး အကြမ်းဖက်သမားဆိုသည်မှာ အများပြည်သူ အဆောက်အအုံများကို ဗုံးခွဲဖျက်ဆီးသူနှင့် အပြစ်မဲ့ပြည်သူများအား အကြမ်းဖက်ရက်စက်စွာ သတ်ဖြတ်သူများဖြစ်သည်ကို ခွဲခြားသိမြင်ဖို့လိုပါသည်။ အကြမ်းဖက်သမား ဖြစ်စေ၊ အခြားပြစ်မှုကြီးကျူးလွန်သူဖြစ်စေ သေဒဏ်ချမှတ်ခံရခြင်းသည် လူသားချင်းစာနာမှု အရ ဝမ်းမြောက်စရာမရှိဘဲ ကျူးလွန်သည့်ပြစ်မှုနှင့် ညီမျှသော ပြစ်ဒဏ်ကို ခံကြရမည်သာဖြစ်သည်။ သေဒဏ်ကျခံရမည့် အကြမ်းဖက်သမား၏ အသက်တစ်ချောင်းကို တန်ဖိုးထားသလို အကြမ်းဖက်သမားလုပ်ရပ်ကြောင့် သေဆုံးခဲ့ရသည့် အပြစ်မဲ့ပြည်သူများ၏ အသက်ပေါင်းများစွာကိုလည်း တန်ဖိုးထားကြောင်း ပြသနိုင်မှသာ တရားမျှတမှု ရှိပေမည်။

အများပြည်သူ အသက်ခန္ဓာ အမြောက်အမြား သေကျေပျက်စီးစေရန် ကာယကံ၊ ဝစီကံ၊ မနောကံသုံးပါးမြောက်အောင် ကျူးလွန်ခဲ့သော အကြမ်းဖက်သမားများအား သေဒဏ်စီရင်လိုက်ခြင်းသည် ၎င်းတို့ပြုသည့်ကံအရ ၎င်းတို့ပြန်လည်ခံရခြင်းဖြစ်ရာ ယင်းကို မဆင်ခြင်ဘဲ ၎င်းတို့အပေါ်တွင် ကရုဏာသက်ဝင် တရားစီရင်မှုအပေါ်တွင် ဝေဖန်စောကြော ပြစ်တင်နေကြသည့် ပုဂ္ဂိုလ်များအနေဖြင့် အကြမ်းဖက်အားပေးသည့်အပြစ် အဆစ်မထိုက်ကြပါစေရန် သတိပေးလိုရင်းဖြစ်ပါသည်။ ။

> **မတ်လ ၁၅ ရက်နေ့ နံနက်တွင် လှမျိုးအောင်(ခ)ကိုမျိုး(ခ)ဝက်ကြီးနှင့် အောင်သူရဇော်(ခ)ကတုံး(ခ)သူရတို့သည် အိမ်အကူအမျိုးသမီးကို နေအိမ်တွင် ပိတ်လှောင်ထားခဲ့ပြီး အပြစ်မဲ့ပြည်သူ အမျိုးသမီးအား တွံတေးမြို့နယ် ဗျောက်ရိုးကျေးရွာအနီးသို့ မော်တော်ယာဉ်ဖြင့်ခေါ်ဆောင်ပြီး အသင့်ယူဆောင်လာသော ကိုးလက်မနှစ်ဖက်သွားဓားဖြင့် ငါးချက်ထိုးခဲ့သည်။ အမျိုးသမီးမှာ ဒဏ်ရာဖြင့် ရှန်းကန်နေစဉ် အောင်သူရဇော်(ခ)ကတုံး(ခ)သူရက အမျိုးသမီး ဝတ်ဆင်ထားသော ရွှေဆွဲကြိုးတစ်ကုံး၊ ရွှေလက်စွပ်တစ်ကွင်းတို့ကို ဖြုတ်ယူပြီး ကားအောက်သို့ ဆွဲချကာ ဓားဖြင့်နှစ်ချက်ထပ်မံထိုးပြီး ရက်စက်စွာ မသေမချင်း သတ်ဖြတ်ခဲ့သည်။ ထို့နောက် အမျိုးသမီးအလောင်းအား ချုံပုတ်အတွင်း ပစ်ထားခဲ့**



သဃ်န်းကျွန်းမြို့နယ် (၂၉)ရပ်ကွက် သုခိတာလမ်း ခြံအမှတ်(၆၇)နှင့် သဃ်န်းကျွန်းမြို့နယ် (ဇ)မြောက်ရပ်ကွက် ပြည်သာယာလမ်းသွယ်(၂) အမှတ်(၁၄၂)ရှိ မောင်ကျော်(ခ)ဖြိုးဇေယျာသော်၏ နေအိမ်များမှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။

## ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်စာစောင်များပေးအပ်ရန် အသိပေးကြေညာခြင်း

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ နည်းဥပဒေများအရ ပုံနှိပ်သူ၊ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ၆ အုပ် သို့မဟုတ် ၆ စောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို အမျိုးသားစာကြည့်တိုက်၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနနှင့် အမျိုးသားစာပေဆုရွေးချယ်ရေးကော်မတီများသို့ ခွဲဝေပေးပို့လျက်ရှိပါသည်။ ထို့အပြင် ပေးပို့လာသော ထုတ်ဝေစာများကို ပြက္ခဒိန်နှစ်အလိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း ထုတ်ဝေသော စာအုပ်စာတမ်းများစာရင်းတွင်လည်း ရေးသွင်းထားပြီး နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။

သို့ပါ၍ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ၁၅၊ နည်းဥပဒေခွဲ(က)ပါ ပြဋ္ဌာန်းချက်များအရ ထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ၆ အုပ် သို့မဟုတ် ၆ စောင်ကို ဖြန့်ချိသည့်နေ့ရက်မှစ၍ ၇ ရက်အတွင်း ပုံနှိပ်သူထံပေးအပ်ပြီး ပုံနှိပ်သူသည် ၁၄ ရက်အတွင်း ပုံစံ ၁၁ ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ မပျက်မကွက် ပေးအပ်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## ပုံနှိပ်ခြင်းလုပ်ငန်း၊ ထုတ်ဝေခြင်းလုပ်ငန်းနှင့် သတင်းအေဂျင်စီလုပ်ငန်း လုပ်ကိုင်သူများ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေ ထွက်ရှိသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း အသိအမှတ်ပြုလက်မှတ်များအား ၅ နှစ်သက်တမ်း ခွင့်ပြုပေးခဲ့ပါသည်။

အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပါက နည်းဥပဒေ ၂၁ အရ သက်တမ်းကုန်ဆုံးသည့်ရက်မှစ၍ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ပုံစံနှင့်အတူ အခကြေးငွေကျပ်တစ်သောင်း ပေးသွင်း၍ ပြန်ကြားရေးဝန်ကြီးဌာနသို့ အသိအမှတ်ပြုလက်မှတ် အသစ်လဲလှယ်ရန် လာရောက်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

သက်တမ်းကုန်လွန်သော အသိအမှတ်ပြုလက်မှတ်များဖြင့် လုပ်ငန်းဆက်လက်လုပ်ကိုင်ခွင့် မရှိကြောင်းနှင့် သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်ပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd. crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## သတင်းမီဒီယာသမားအသိအမှတ်ပြု ကတ်ပြားအသစ်လဲလှယ်ရန် အသိပေးကြေညာခြင်း

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံပိုင်မီဒီယာများ၊ ပြည်တွင်းပုဂ္ဂလိကမီဒီယာများနှင့် ပြည်တွင်းအခြေစိုက် ပြည်ပသတင်းမီဒီယာများအနေဖြင့် သတင်းများရယူရာတွင် အဆင်ပြေချောမွေ့စေရေးနှင့် သတင်းစာရှင်းလင်းပွဲများအပါအဝင် အခမ်းအနားများဖိတ်ကြားရာတွင် လွယ်ကူလျင်မြန်စေရေးအတွက် သတင်းမီဒီယာသမား အသိအမှတ်ပြုကတ်ပြားများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စိစစ်၍ ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

သတင်းမီဒီယာသမားအသိအမှတ်ပြုကတ်ပြားများကို ၂၀၂၁ ခုနှစ် မတ်လမှစတင်၍ ထုတ်ပေးခဲ့ရာ သက်တမ်း (၁)နှစ် သတ်မှတ်ထားရှိခဲ့သည်။ သက်တမ်းကုန်ဆုံးနေပါက သတင်းမီဒီယာ သမားများ အသိအမှတ်ပြုကတ်ပြားများကို အသစ်လဲလှယ်ရမည်ဖြစ်သည်။

သတင်းမီဒီယာသမား အသိအမှတ်ပြုကတ်ပြား သက်တမ်းကုန်ဆုံးပါက သတ်မှတ်ပုံစံနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ အသိအမှတ်ပြုကတ်ပြား အသစ်လဲလှယ်နိုင်ရေး လာရောက်ဆောင်ရွက်နိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း ၀၁-၅၄၁၄၁၃၊ ၀၁-၅၄၄၅၈၂၊ ၀၁-၅၄၄၅၈၃၊ iprd. crd.ygn@gmail.com သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး ကျင်းပ

**မုံရွာ ဇူလိုင် ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၂)ကို ဇူလိုင် ၂၈ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က တိုင်းဒေသကြီးအတွင်းရှိ စစ်ကိုင်းစက်မှုဇုန်၊ ရွှေဘိုစက်မှုဇုန်၊ ကလေးစက်မှုဇုန်နှင့် မုံရွာစက်မှုဇုန်များရှိ စက်မှုလုပ်ငန်းများအားလုံး ရာနှုန်းပြည့် လည်ပတ်နိုင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအသစ်များ ဝင်ရောက်လာနိုင်ရေးကို တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။




ယင်းနောက် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မေမျိုးဇော်က ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဖြင့် Great Sapphire Co.,Ltd (မဟာနီလာ ကုမ္ပဏီလီမိတက်)က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ နှစ်ဘီးဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ် တပ်ဆင်ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းနှင့် ယခင်(၅/၂၀၂၂) အစည်းအဝေး ဆုံးဖြတ်ချက်များ၏ ဆောင်ရွက်ပြီးစီးမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်ပြီး အစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အဖွဲ့ဝင်များက ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# တောင်ကြီးမြို့၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများ ပေးအပ်

**တောင်ကြီး ဇူလိုင် ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေများ ပေးအပ်ပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ် အစိုးရရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းက ယနေ့ကျင်းပသည့် အခမ်းအနားတွင် ရှမ်းပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု ပြည်နယ် ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်သည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း၊ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း၊ Cash For Work စီမံကိန်းနှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း များအတွက် သက်ဆိုင်ရာ စီမံကိန်း




ကျေးရွာများသို့ စီမံကိန်းရန်ပုံငွေများ ပေးအပ်ပွဲဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ကျေးရွာများထဲမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ၁၅ ယူနစ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ၂၆၃ ရွာ၊ Cash For Work စီမံကိန်းကျေးရွာ ၂၀ နှင့် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းသုံးရွာ စုစုပေါင်း ၃၀၁ ရွာ အတွက် ရန်ပုံငွေကျပ်သန်း ၃၃၂၀ ကို ပေးအပ်သွားမည်ဖြစ်ပြီး ကျေးရွာ၏ လိုအပ်ချက်များကို ထပ်မံဆောက်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်ဝင်းက စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရန်ပုံငွေများ ပေးအပ်ချီးမြှင့်ပေးရာ မြစိမ်းရောင် ကျေးရွာစီမံကိန်း တစ်ယူနစ်အတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းက လည်းကောင်း၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းတစ်ယူနစ်အတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို ပြည်နယ်ဥပဒေချုပ်ဦးစိုင်းကျော်ဇံက လည်းကောင်း၊Cash For Work တစ်ယူနစ်အတွက် ရန်ပုံငွေကျပ်သိန်း ၁၀၀ ကို ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်းက လည်းကောင်း၊ ကျေးလက် စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်း တစ်ရွာအတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးရဲမှူး ချုပ်တင်ကိုကိုက လည်းကောင်း၊ အရင်းမပျောက် မတည်ရန်ပုံငွေစီမံကိန်း တစ်ယူနစ်အတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ပြည်နယ်လူမှုရေး ဝန်ကြီး ဦးအောင်မြင့်က လည်းကောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)တစ်ယူနစ်အတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀ကို ပြည်နယ်သယံဇာတရေးရာ ဝန်ကြီး ဦးစိုင်းလိတ်မှလည်းကောင်း၊ မြစိမ်းရောင် ကျေးရွာ ဆီထွက်သီးနှံ သုံးယူနစ်အတွက် ရန်ပုံငွေကျပ်သိန်း ၇၀၀ ကို ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က လည်းကောင်း၊ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်း လုပ်ငန်းစီမံကိန်း နှစ်ရွာအတွက် ရန်ပုံငွေကျပ်သိန်း ၆၀၀ ကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးက လည်းကောင်း၊ Cash For Work ၁၉ ရွာအတွက် ရန်ပုံငွေကျပ်သိန်း၁၉၀၀ကိုပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်က လည်းကောင်း၊ မြစိမ်းရောင် ကျေးရွာ စီမံကိန်း ၁၀ ယူနစ်အတွက် ရန်ပုံငွေကျပ်သိန်း ၂၇၀၀နှင့်ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ၂၆၂ ရွာအတွက် ရန်ပုံငွေကျပ် သိန်း ၂၆၂၀၀ ကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်းတို့က လည်းကောင်း ပေးအပ်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် ဇူလိုင် ၂၈**

၂၀၁၉-၂၀၂၀ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် တပ်မတော်(ရေ)မှ စစ်သည်များနှင့် အရာရှိ၊ စစ်သည် မိသားစုဝင်သားသမီးများအား ဂုဏ်ပြုဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီရေတပ်စခန်းဌာနချုပ်ရှိ သီဟသူရထွန်းတင်ခန်းမ၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်နှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆုရရှိသူ ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏မိဘများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ)က ဂုဏ်ပြုအမှာစကား ပြောကြားသည်။ ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အဖွဲ့ဝင်များက ၂၀၁၉-၂၀၂၀ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော (၆)ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ (၅)ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ (၄)ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ (၃)ဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ (၂)ဘာသာဂုဏ်ထူးရှင်ရှစ်ဦး၊ (၁)ဘာသာဂုဏ်ထူးရှင် ၃၃ ဦး၊ ဂုဏ်ထူးဖြင့် အောင်မြင်သူ စစ်သည်တစ်ဦးနှင့် ရိုးရိုးအောင်မြင်သူ စစ်သည်တစ်ဦးတို့ကို လည်းကောင်း၊ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော (၅)ဘာသာဂုဏ်ထူးရှင် သုံးဦး၊ (၄)ဘာသာဂုဏ်ထူးရှင်ငါးဦး၊ (၃)ဘာသာဂုဏ်ထူးရှင် ခြောက်ဦး၊ (၂)ဘာသာဂုဏ်ထူးရှင် ၁၈ ဦး၊ (၁)ဘာသာ ဂုဏ်ထူးရှင် ၇၂ ဦး၊ ဂုဏ်ထူးဖြင့်အောင်မြင်သူ စစ်သည်သုံးဦးနှင့် ရိုးရိုးအောင်မြင်သူ စစ်သည်လေးဦးတို့ကို လည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။ ဆုများပေးအပ်အပြီးတွင် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများနှင့် စစ်သည်များကိုယ်စား (၅)ဘာသာဂုဏ်ထူးရှင်ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် အဖွဲ့ဝင်များသည် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ၊ စစ်သည်များနှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# (၁၁)ကြိမ်မြောက် တိုင်းရင်းဆေး သုတေသနစာတမ်းဖတ်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၂၈**

(၁၁) ကြိမ်မြောက် တိုင်းရင်းဆေးသုတေသန စာတမ်းဖတ်ပွဲ ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၂၈ ရက် ညနေ ၅ နာရီက မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ သဘာပတိ၊ တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစုစုဒွေးက အမှာစကားပြောကြားပြီး တိုင်းရင်းဆေးသုတေသနစာတမ်းနှင့် ပိုစတာစိစစ်ရွေးချယ်ရေးအဖွဲ့ ဥက္ကဋ္ဌက အကောင်းဆုံးစာတမ်းနှင့် ပိုစတာများ ရွေးချယ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



သုတေသနစာတမ်းဖတ်ပွဲကို ၂ ရက် ကျင်းပခဲ့ခြင်းဖြစ်ပြီး တက္ကသိုလ်များ၊ သုတေသနဌာနများမှ ပညာရှင်များက သုတေသနစာတမ်း ၂၂ စောင် ဖတ်ကြားခဲ့ကာ ပိုစတာ ခြောက်ခု ပြသထားသည်။

ကျန်းမာရေးစနစ်သုတေသန ပထမဆုအား ဦးမြင့်ခိုင်နှင့်အဖွဲ့က ကျိုင်းတုံမြို့ ၂၅ ခုတင်ဆံ့ တိုင်းရင်းဆေးရုံတွင် ကုသမှုပေးခဲ့သော ခါးနာရောဂါကို လေ့လာခြင်းသုတေသနစာတမ်းဖြင့်လည်းကောင်း၊ သိပ္ပံသုတေသန ပထမဆုအား ဒေါက်တာအိအိထွေးနှင့်အဖွဲ့က ရှဉ့်မတက်ဆိုင်ရာလေ့လာခြင်း သုတေသနစာတမ်းဖြင့် လည်းကောင်း၊ တိုင်းရင်းသုတေသန ပထမဆုအား ဦးလှမျိုးဝင်းနှင့်အဖွဲ့က Gandhaka Bhasma (Kant Pyar) ဆိုင်ရာ စမ်းစစ်လေ့လာခြင်း သုတေသနစာတမ်းဖြင့် လည်းကောင်း ဆုများရရှိခဲ့ပြီး ကဏ္ဍအလိုက် ပထမ၊ ဒုတိယ၊ တတိယ ဆုများ ချီးမြှင့်ပေးအပ်ကြသည်။ ပိုစတာပြိုင်ပွဲတွင် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်းဆုံးဆုရရှိသူများကိုလည်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် သဘာပတိ ညွှန်ကြားရေးမှူးချုပ်က ပူးပေါင်းပံ့ပိုးကူညီကြသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ရာ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ၊ ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှ ဦးမောင်မောင်ဦးနှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များက လက်ခံရယူကြသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် တိုင်းရင်းဆေးတက္ကသိုလ်တို့မှ ညွှန်ကြားရေးမှူးချုပ်၊ ပါမောက္ခချုပ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ဗဟို)နှင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းမှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်/တိုင်းဒေသကြီးအသီးသီးမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းဆေးပညာရှင်များ၊ စာတမ်းရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြကြောင်း သိရသည်။ **ထွန်းထွန်း**



# ဖျာပုံမြို့နယ်၌ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲ ကျင်းပ

**ဖျာပုံ ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ဖျာပုံတောင်ကျေးရွာအုပ်စု ဦးပိုင်အမှတ် (၁၄/၂) ကွင်းအမှတ်(၄၄၁ A) တောင်သူ ဦးကျော်တင့်၏ လယ်မြေဧက ၄၀ တွင် ဘေးကြားတောင်ပံ့မျိုးပင်များအား ကောက်စိုက်စက်ဖြင့် စိုက်ပျိုးကွင်းသရုပ်ပြခြင်းကို ဇူလိုင် ၂၈ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာရှိ တောင်သူကြီး၏ လယ်မြေတွင် ပြုလုပ်သည်။

အဆိုပါ ကွင်းသရုပ်ပြပွဲကို ဖျာပုံခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးခိုင်၊ ဖျာပုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းဦး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများ၊ မြို့နယ်စိုက်တိုးမြှင့်အဖွဲ့နှင့် ဒေသခံတောင်သူများက ကြည့်ရှုအားပေးကြသည်။

ဖျာပုံမြို့နယ်အနေဖြင့် Rs to Cs စီးပွားဖြစ် မျိုးသန့်မျိုးပွား မျိုးစေ့စိုက်ပျိုးခြင်းကို အောက်ကွင်းကြီး မျိုးသန့်ခြံမှ မျိုးသန့်မျိုးစေ့ကို ရယူပြီး မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ကိုးအုပ်စုရှိ တောင်သူ ၂၉ ဦးတို့၏ လယ်ယာမြေဧက ၁၇၀ အတွင်း မျိုးသန့်မျိုးစေ့များကို စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံးမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

■

# ဇလွန်မြို့နယ်၌ အစေ့ချစိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြပွဲနှင့် မိုးစပါးထွန်တုံးပိတ်ပွဲ ပြုလုပ်

**ဇလွန် ဇူလိုင် ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပြုလုပ်သော ၂၀၂၂ ခုနှစ် မိုးစပါး သက်လျင်စပါးမျိုးအား (Drum Seeder) အစေ့ချစိုက်ပျိုးနည်းစနစ် ကွင်းသရုပ်ပြပွဲနှင့် မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားကို မေရီလန်းကျေးရွာအုပ်စု တောင်သူ ဦးဖိုးချို၏ ကွင်းအမှတ်(၁၈၄၂/ခ) ၂၀/၁၀ လယ်မြေ သုံးဧကတွင် ယနေ့နံနက် ၁၀ နာရီက ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက အစေ့ချစိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးခြင်း၏ အကျိုးကျေးဇူးများကို ဟသ်ာတခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တာဝန်ရှိသူများအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် မိုးစပါး ထွန်တုံးပိတ်စိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးကြပြီး ဇလွန်မြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးစပါး ၇၂၃၇၂ ဧက လျာထားစိုက်ပျိုးပြီးစီးခဲ့ကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

# တိုက်ကြီးမြို့နယ်၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးရွာ ၁၃ ရွာတွင် ရန်ပုံငွေများ ထုတ်ချေး

**တိုက်ကြီး ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာတွင် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းလည်ပတ်ရန်ပုံငွေများကို နေချင်းပြီး ပြန်ဆပ်/ထုတ်ချေးစနစ်ဖြင့် ရာနှုန်းပြည့်ထုတ်ချေးပြီးဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် တိုက်ကြီးမြို့နယ်အတွင်းရှိ ကျေးရွာ ၁၃ ရွာတွင် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ ၇၆၂ ဦး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သူ ၂၈၄ ဦး၊ အရောင်းအဝယ်လုပ်ငန်းဆောင်ရွက်သူ ၂၁၂ ဦးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်သူ ၇၉ ဦး စုစုပေါင်း အသင်းသား ၁၃၃၇ ဦးတို့အား စီမံကိန်းရန်ပုံငွေကျပ် ၃၅၁ ဒသမ ၉ သန်းကို တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်စုသီတာလင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက သက်ဆိုင်ရာ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကော်မတီဝင်များနှင့်အတူ ကျေးရွာများတွင် Type-1၊ 2၊ 3 အဆင့်အလိုက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော လမ်းညွှန်ချက်များနှင့်အညီ ထုတ်ချေးပေးခဲ့ကြကြောင်း သိရသည်။



အဆိုပါစီမံကိန်းဖြင့်လည်း ကျေးရွာ ၁၃ ရွာတွင် လည်ပတ်ဆောင်ရွက်ခဲ့ရာ စုစုပေါင်းအတိုးရငွေကျပ် ၄၁ ဒသမ ၉၈၈ သန်းရရှိခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၈)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။**

(ယမန်နေ့မှအဆက်)

**စတုတ္ထအချက်**အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်များနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားလိုကြောင်း၊ ယင်းနေရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ပြီး ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်သွားမည်ဟု ပြောကြားချက်၊ ၂၀၂၂ ခုနှစ် ဧပြီ ၂၂ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိဆိုသကဲ့သို့ ဝန်ကြီးချုပ်ကိုယ်တိုင် ငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်ကို သတိပြုမိစေလိုကြောင်း၊ ငြိမ်းချမ်းရေးဖိတ်ခေါ်ကမ်းလှမ်းချက်၏ ရလဒ်အနေဖြင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသည့် လက်နက်ကိုင်အဖွဲ့ နှစ်ဖွဲ့ စုစုပေါင်း ကိုးဖွဲ့က နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးဖြစ်ကြောင်း၊ ယခင်တွေ့ဆုံပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဒုတိယအကြိမ် တွေ့ဆုံဆွေးနွေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်းကိုလည်း အသိပေးလိုကြောင်း၊ ဤနေရာတွင် ယခင်သတင်းစာရှင်းလင်းပွဲ၌ မိမိပြောခဲ့သည့်အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် လာရောက်ဆွေးနွေးရန်ပြင်ဆင်နေမှုများရှိကြောင်း၊ ၎င်းတို့၏အဖွဲ့များထဲတွင် အစည်းအဝေးလုပ်ခြင်း၊ ကိုယ်စားလှယ်ရွေးချယ်ခြင်း၊ ဆွေးနွေးမည့်အကြောင်းအရာ ပြုစုခြင်းများ လုပ်နေကြသည့်အတွက် နှောင့်နှေးမှုတချို့ရှိနေခြင်းဖြစ်ကြောင်းကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း။

### ငြိမ်းချမ်းရေးရအောင်လုပ်မည်

မီဒီယာများအပါအဝင် ကြည့်ရှုနေသည့် ပြည်သူများရော တိုင်းရင်းသားလက်နက်ကိုင်များကိုပါ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ထားကြောင်း၊ ငြိမ်းချမ်းရေးရအောင် လုပ်မည်ဆိုသည်ကို သတိပြုမိအောင် ထပ်ပြောလိုကြောင်း၊ ကျန်ရှိနေသည့် လက်နက်ကိုင်အဖွဲ့များထဲမှ အနီးဆုံး တိုက်ပွဲဖော်ဆောင်ခဲ့သည့် AA အဖွဲ့အကြောင်း ပြောလိုကြောင်း၊ AA အဖွဲ့သည် ၂၀၂၀ ပြည့်နှစ်မှစပြီး တပ်မတော်နှင့် ပစ်ခတ်တိုက်ခိုက်မှု လုံးဝနီးပါးမရှိခဲ့သည့်အဖွဲ့ဖြစ်ကြောင်း၊ Gentlemen's Agreement နှင့် ငြိမ်းချမ်းရေးကို တစ်စိတ်တစ်ပိုင်း တည်ဆောက်နိုင်ခဲ့သည့်အဖွဲ့ဖြစ်ကြောင်း၊ ထိုသို့ပစ်ခတ်တိုက်ခိုက်မှုများမရှိခဲ့သည့်အတွက် ၂၀၂၀ မတိုင်ခင် နှစ်တချို့တွင် ဒုက္ခရောက်ခဲ့သည့်ပြည်သူများ၊ ငိုကြွေးခဲ့ရသည့် ပြည်သူများသည် အေးချမ်းမှု၏အရသာကို ပြန်လည်ခံစားခွင့်ရခဲ့ကြကြောင်း၊ ပြည်သူလူထုများ ပြုံးပြုံးရွှင်ရွှင်နှင့် ကိုယ့်မြို့ကိုယ့်ရွာကို ပြန်အခြေချကြ၊ ကိုယ့်အလုပ်ကိုလုပ်ကြနှင့် အေးချမ်းရမည့်အနေအထားထိ ရောက်ခဲ့ကြောင်း၊ ထိုသို့တည်ငြိမ်စပြုလာချိန်တွင် AA အဖွဲ့သည် လွန်ခဲ့သည့်လအချို့မှစတင်ပြီး အပြစ်မဲ့ပြည်သူတချို့ကို ဖမ်းဆီးခြင်း၊ နိုင်ငံ့ဝန်ထမ်းများကို ဖမ်းဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဖမ်းဆီးခြင်းများ စ၍လုပ်လာကြောင်း၊ ထိုအချိန်တွင် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် ပြည်ဖျက်ဒလက်အချို့ကလည်း သတင်းတု သတင်းမှားများ၊ တစ်ဖက်နှင့်တစ်ဖက် အထင်အမြင်လွဲမှားအောင် သံသယစိတ်နှင့် စစ်မီးမတောက်တောက်အောင် တွန်းပို့ခဲ့ကြကြောင်း၊ AA ဘက်မှ ခေါင်းဆောင်အဆင့်ရှိသူများကလည်း တပ်မတော်ကို ထိကပါးရိကပါးနှင့် ရန်စစော်ကားမှုများစွာလုပ်ခဲ့သည်ကိုလည်း သတိပြုမိမည်ထင်ကြောင်း။

ယင်းသို့ တင်းမာလာသည့်အခြေအနေမျိုးတွင် ရခိုင်တိုင်းရင်းသားပါတီတစ်ခု၏ အကြီးအကဲဖြစ်သူက ရခိုင်ပြည်နယ်၌ စစ်မီးမတောက်လောင်လာစေရန်၊ ပြည်သူလူထုကိုညှာတာရန်၊ တစ်ဖက်နှင့်တစ်ဖက် ရန်လိုသည့်အပြုအမူများ မလုပ်ရန်လိုသည်ဟု မီဒီယာများမှတစ်ဆင့် တိုက်တွန်းခဲ့ကြောင်း၊ ထို့ပြင် ရခိုင်လက်နက်ကိုင်အဖွဲ့၏ ခေါင်းဆောင်တစ်ဦးကလည်း အလားတူပြောကြားချက်အပြင် တွေ့ဆုံဆွေးနွေးခြင်းကသာ ကောင်းမွန်သည့်ရလဒ်ကို ရနိုင်ကြောင်း ပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ဒေသခံရခိုင်ပြည်သူလူထုအကျိုးကိုရှေးရှုပြီး စိတ်ရှည်သည်းခံခဲ့ကြောင်း၊ သို့သော် AA အဖွဲ့အနေဖြင့် မလုပ်သင့်မလုပ်ထိုက်သည့် ရန်စမှုကို ဇူလိုင် ၁၈ ရက်က မောင်တောမြို့နယ်အတွင်း နေရာနှစ်ခု၌ လုပ်ဆောင်ခဲ့သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံးပြီး အချို့ဖမ်းဆီးခံခဲ့ရကြောင်း၊ ထိုသို့ လုပ်ဆောင်ရခြင်းအတွက် အကြောင်းပြချက်ကို KNLA တပ်မဟာ(၅) နယ်မြေအတွင်းရှိ ၎င်းတို့တပ်စခန်းကို တပ်မတော်က ဗုံးကြဲတိုက်ခိုက်သဖြင့် လုပ်ခြင်းဖြစ်သည်ဟု အကြောင်းပြကြောင်း၊ AA ၏ မူလအစသည် KIA နယ်မြေဖြစ်ပြီး လက်ရှိ ရခိုင်ပြည်နယ်ဒေသအချို့၌ ဝင်ရောက်လှုပ်ရှားနေသည်ဟု သိထားကြောင်း၊ ၎င်းတို့ ခေါင်းဆောင်အဆင့်ရှိသူများ၏ ထုတ်ဖော်ပြောကြားချက်များထဲတွင်လည်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ရခိုင်ဒေသအတွင်း ၎င်းတို့တပ်များရှိသည်ဟုသာ ဆိုထားကြောင်း၊ ကရင်ပြည်နယ်ထဲ၌ ရှိသည်ဟူ၍ မည်သူ့ကိုမျှ မပြောထားကြောင်း။

ထို့ပြင် တပ်မတော်အနေဖြင့် လိုအပ်သည့် စစ်ဆင်ရေးလုပ်ရာတွင်လည်းကောင်း၊ ပစ်ခတ်တိုက်ခိုက်မှုလုပ်ရာတွင်လည်းကောင်း မည်သည့် တိုင်းရင်းသား၊ မည်သည့်အဖွဲ့အစည်း၊ မည်သည့်တပ်ကို စစ်ဆင်ရေးလုပ်မည်ဟု သတ်မှတ်ထားခြင်းမရှိဘဲ အကြမ်းဖက်အဖွဲ့များကို တိုက်ခိုက်ရန်အတွက်သာ စစ်ဆင်ရေးလုပ်ခြင်းဖြစ်ကြောင်း၊ ယခု AA အဖွဲ့က ပြောကြားသည့် KNLA တပ်မဟာ (၅)ဆိုသည်ထက် လုံခြုံရေးအရ လိုအပ်သည့်နေရာကိုသာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထိခိုက်သေဆုံးမှုဖြစ်လာသည့်အချိန်ကျမှ AA တပ်ဖွဲ့ဝင်များပါ၊ စက်ချုပ်နေသည့်သူများပါဆိုသည့် အဖြေများသည် ရိုးသားမှု ရှိ၊ မရှိ ပြန်လည်ဆန်းစစ်စေလိုကြောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ AA အဖွဲ့၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ AA အဖွဲ့များအတွက် ကရင်ပြည်နယ်ထဲ၌ စက်ချုပ်နေသည်ဆိုသည်မှာ ယုတ္တိရှိပါသလား၊ စေ့စေ့တွေးစရာမလိုဘဲနှင့်ကို အဖြေထွက်ကြောင်း၊ ရိုးသားမှုရှိခြင်းသည် ဒေသခံပြည်သူလူထုအတွက် ရလဒ်ကောင်းထွက်နိုင်သည်ဟု အကြံပေးစကားပြောကြားလိုကြောင်း။

### အဖွဲ့တွင်းကွဲလွဲမှုအချို့ဖြစ်ပေါ်ခဲ့

ဆက်လက်ပြီး KNU အဖွဲ့အကြောင်း ပြောကြားလိုကြောင်း၊ KNU ၏အောက်တွင် KNLA နှင့် KNDO ဆိုသည့် တပ်အမျိုးအစားနှစ်ခုနှင့် ဖွဲ့စည်းထားပြီး နှစ်ခုလုံးကို ဗဟိုစစ်ဦးစီးဌာနချုပ်ဆိုသည့်အဖွဲ့က တိုက်ရိုက်ကိုင်တွယ်ထားကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်းတွင် တောခိုလူငယ်အချို့ နယ်စပ်ကို ထွက်ပြေးတိမ်းရှောင်သွားရာ အများစုသည် ကရင်ပြည်နယ်အတွင်း ထွက်ပြေးတိမ်းရှောင်ခဲ့ကြောင်း၊ PDF အမည်ခံပြီး KNLA နှင့် KNDO တပ်အချို့ဆီကို ဝင်ရောက်သွားခဲ့သည့်အတွက် KNLA နှင့် KNDO တပ်အချို့မှ အင်အားစုတချို့ကို စုဆောင်းနိုင်ခဲ့ပြီး လှုပ်ရှားသည့်နယ်မြေအလိုက် တိုက်ကွက်ဖော်သွေးတိုးစမ်းမှုအချို့ကို စတင်လုပ်ဆောင်ခဲ့ကြောင်း၊ ထိုအချိန်တွင် လက်ရှိရရှိပြီးဖြစ်သည့် NCA လမ်းကြောင်းမှ ငြိမ်းချမ်းရေးကို လိုလားသည့်အဖွဲ့၊ NCA ကိုပျက်ပြယ်စေလိုသည့်အဖွဲ့နှင့် အခြေအနေကိုစောင့်ကြည့်ပြီး အလေးသာသည့်ဘက်ကို ယိမ်းမည့်အဖွဲ့ စသည်ဖြင့် အဖွဲ့တွင်းကွဲလွဲမှုအချို့ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းအကျိုးဆက်မှာ NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းလိုသည့်အဖွဲ့များရှိသည့်နယ်မြေ၌ အေးချမ်းပြီး NCA ကို ပျက်ပြယ်စေလိုသောအဖွဲ့လှုပ်ရှားသည့်နယ်မြေ၌ တိုက်ပွဲသံများ ပြန်လည်ပေါ်ထွက်လာသည်သာဖြစ်ကြောင်း၊ အောက်ခြေအဆင့် တပ်မှူးငယ်များမှ အထက်အဆင့် အကြီးအကဲအဆင့်ထိ မိမိရှိနေသည့်နယ်မြေအလိုက် ပြည်သူလူထုကို အလေးထားမှု ကွဲပြားသွားခြင်းဖြစ်သည်ဟု ပြောလိုကြောင်း။

မိမိပြောခဲ့သည့်အထဲတွင် KNDO အဖွဲ့ဆို၍ ပါကြောင်း၊ ယင်း KNDO အဖွဲ့၏ ယခင်စစ်ဦးစီးချုပ်သည် KNU ခေါင်းဆောင်ဟောင်း စောဘိုမြ၏ သားအကြီး နယ်ဒါးမြဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ် ဇွန် ၁၃ ရက်တွင် ဝေါလေ-ကနဲလေး လမ်းဖောက်လုပ်ရေး လုပ်ကိုင်နေသည့် အရပ်သား ၂၅ ဦးကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့သည့်အတွက် KNLA က ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၇ ရက်တွင် တာဝန်မှရပ်စဲခြင်းခံခဲ့ရကြောင်း၊ စစ်ရာဇဝတ်မှုကြီးဖြစ်ကြောင်း၊ ၎င်း၏ KNDO စစ်ဦးစီးချုပ်ဆိုသည့်နေရာတွင် စောရိုးလေဆိုသူကို အစားထိုးခန့်အပ်ခဲ့သည့်အတွက် နယ်ဒါးမြသည် KNU အပေါ်မကျေမနပ်ဖြစ်ခဲ့ပြီး တာဝန်မှ အနားမယူဘဲ ၎င်းသာလျှင် KNDO စစ်ဦးစီးချုပ်ဟု ကြွေးကြော်ပြီး အကြမ်းဖက်လုပ်ရပ်များကို ပိုမိုလုပ်ဆောင်လာခဲ့ကြောင်း။

### လူငယ်များ အသိ၊ သတိနှင့် ဆင်ခြင်စဉ်းစား

ထို့ပြင် ၂၀၂၂ ခုနှစ် ဧပြီလ တတိယပတ်အတွင်းတွင် ယခင် DKBA အဖွဲ့မှ စောစလုံးဦးဆောင်သည့် အင်အားအချို့သည် နယ်ဒါးမြနှင့် သွားရောက်ပူးပေါင်းခဲ့သည့်အတွက် အကြမ်းဖက်လုပ်ငန်းများကို ပိုမိုလုပ်ဆောင်ခဲ့ပြီး အင်အားအနည်းငယ်တောင့်တင်းလာသည့်အတွက် နယ်ဒါးမြအနေဖြင့်လည်း KNU မှ ခွဲထွက်နိုင်ရေး ပိုမိုလုပ်ဆောင်လာခဲ့ကြောင်း၊ KNU အဖွဲ့အကြီးအကဲ ရာထူးယူထားသူများအနေဖြင့်လည်း ထိန်းမနိုင်၊ သိမ်းမရ အခြေအနေတချို့ရင်ဆိုင်လာရသည်ကို တွေ့ရကြောင်း၊ အကြမ်းဖက်အဖွဲ့ဖြစ်သည့် NUG အဖွဲ့ထံမှ ရလာမည့်ငွေကြေးအချို့နှင့် မြန်မာပြည်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေလိုသည့်နိုင်ငံအချို့က ထောက်ပံ့မှုများကြောင့် နယ်ဒါးမြသည် ၎င်းလက်အောက်ရှိ အင်အားများစုစည်းပြီး PDF အမည်ခံ အကြမ်းဖက်အဖွဲ့များနှင့် အတူ တပ်မတော်တပ်စခန်းတစ်ခုဖြစ်သည့် ဥကရစ်ထစခန်းကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း၊ ထိခိုက်ကျဆုံးမှုများပြားစွာနှင့်ဆုတ်ခွာထွက်ပြေးခဲ့ရကြောင်း၊ ယင်းဥကရစ်ထစခန်းကို တိုက်ခိုက်သည့်ဖြစ်စဉ်ကို ပြန်လည်စိစစ်ကြည့်သည့်အခါ PDF အမည်ခံ အကြမ်းဖက်လူငယ်များ သေဆုံး၊ ဒဏ်ရာရမှုများပြားခဲ့သည်ကိုတွေ့ရကြောင်း၊ ပြောရလျှင် ထိုးကျွေးခံရခြင်းသာဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးကို ရောက်နေသည့်လူငယ်များ အသိ၊ သတိနှင့် ဆင်ခြင်စဉ်းစားကြရန် ထပ်မံပြောကြားလိုကြောင်း၊ ယခင်တစ်ခါကလည်း မိမိပြောပြီးဖြစ်ကြောင်း၊ ယင်းလက်နက်ခဲယမ်းများ မည်သည့်နေရာကရသနည်း၊ မိုးပေါ်က ကျလာခြင်းမဟုတ်ကြောင်း၊ အလကားရခြင်းလည်း မဟုတ်ကြောင်း၊ ငွေနှင့် ပေးဝယ်ချင်ဝယ်၊ ထောက်ပံ့ခြင်း ဖြစ်ရင်ဖြစ် တစ်ခုခုသာဖြစ်ကြောင်း၊ မဟာမိတ်အဖွဲ့ဆီကရသည်ဆိုလျှင် မည်သည့်အဖွဲ့က ရမည်နည်း၊ မြန်မာနိုင်ငံထဲက မရနိုင်သည်မှာ သေချာကြောင်း၊ ၎င်းတို့နေထိုင်နေသည်မှာ မည်သည့်နေရာ၌ နေထိုင်နေသနည်း၊ ထိုသို့ဆိုလျှင် မည်သည့်နေရာက ရမည်ဆိုသည်ကို သိရှိနိုင်မည်ဖြစ်ကြောင်း။

### ငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်လျှင်

အဖွဲ့တွင်းအကွဲအပြဲတချို့ ထပ်မံဖြစ်ပေါ်ခဲ့သကဲ့သို့ KNU အနေဖြင့်လည်း ပိုမိုဖိအားပေးလာသည့်အတွက် နယ်ဒါးမြသည် တစ်စင်ထောင်နိုင်ရန် ပိုမိုလုပ်ဆောင်လာခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် နယ်ဒါးမြသည် KNU မှခွဲထွက်ပြီး ကော်သူလေးတပ်မတော်ဆိုသည်ကို ဖွဲ့စည်းကြောင်း၊ NUG အပါအဝင် PDF များ၊ တပ်မတော်ကိုတိုက်ခိုက်နေသည့်အဖွဲ့များနှင့် ပူးပေါင်းမည်ဟု ပြောကြားခဲ့ကြောင်း၊ မီဒီယာအချို့နှင့် အင်တာဗျူးဖြေရာတွင် NCA ကိုသွားနေသည့် KNU အကြီးအကဲများ၊ တပ်များရှိနေသည့်အတွက် ခွဲထွက်ထူထောင်ခြင်းဖြစ်သည်ဟုလည်း ထည့်ပြောသွားသည်ကို တွေ့ရကြောင်း၊ ယင်းစကားတွင်ပင် အဖြေတော်တော်များများပါကြောင်း၊ တစ်တိုင်းပြည်လုံးငြိမ်းချမ်းစေမည့် NCA ကို လက်မခံဘဲ အကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းမည့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်မည်ဆိုသည်မှာ ငြိမ်းချမ်းရေးကို လိုလားသူလား၊ မလိုလားသူလား အဖြေထွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကော်သူလေး Army ဖွဲ့စည်းခြင်းကို KNLA ဗဟိုစစ်ဦးစီးဌာနချုပ်အနေဖြင့် စာထုတ်ကန့်ကွက်ခဲ့သကဲ့သို့ အချို့နေရာများတွင် တိုက်ပွဲပါဖြစ်ခဲ့သည်ဟု သိရကြောင်း၊ ယင်းကိစ္စများနှင့်ပတ်သက်ပြီး မိမိအဓိကပြောလိုသည်မှာKNU အဖွဲ့ထဲတွင် ငြိမ်းချမ်းစေလိုသည့်စိတ်ရှိသူ၊ NCA လမ်းကြောင်းအတိုင်း လျှောက်လှမ်းလိုသူများရှိကြောင်း၊ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုချင်လျှင် လာတွေ့နိုင်သည်၊ ဆွေးနွေးနိုင်သည်၊ တံခါးဖွင့်ထားသည်ဟု ပြောလိုကြောင်း။

ယင်းနေရာတွင် NCA နှင့်ပတ်သက်ပြီး ပြောရလျှင် NCA ကို ယေဘုယျအားဖြင့် တိုင်းရင်းသားများက အကုန်လက်ခံသည်ကို တွေ့ရကြောင်း၊ အဘယ်ကြောင့်ဆိုသော် NCA ကို စတင်ရေးဆွဲခဲ့သည်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အသီးသီးသာဖြစ်ကြောင်း၊ လက်မခံသည်မှာ နောက်ကွယ်တွင်ရှိနေသည့် အကြံပေးများသာဖြစ်ကြောင်း၊ ယင်းအကြံပေးများက မည်သူများလဲ၊ **စာမျက်နှာ ၁၁ သို့** ☆

တိုင်းရင်းသားလက်နက်ကိုင်များဆိုင်ရာ ကိစ္စရပ်များ



☆ စာမျက်နှာ ၁၀ မှ

မြန်မာနိုင်ငံသား မဟုတ်သူများသာဖြစ်ကြောင်း၊ ၎င်းတို့တွင် လက်နက်ကိုင်အဖွဲ့အစည်းမရှိကြောင်း၊ အဖွဲ့အစည်းအမျိုးမျိုးကို ထောက်ပံ့ပြီး မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးကို ဖျက်ဆီးနေသူများသာ ဖြစ်ကြောင်း၊ ထောက်ပံ့မှုများ၊ သွေးထိုးမှုများကို အစဉ်အဆက်ပြုလုပ်နေသည်ဖြစ်ကြောင်း၊ ထောက်ပံ့၊ သွေးထိုးလှုံ့ဆော်သည့် အင်အားသာရှိကြောင်း၊ အထောက်အပံ့ခံ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအသီးသီးအနေဖြင့်လည်း ၎င်းတို့သည် မိမိတို့နိုင်ငံအကျိုး၊ ဒေသအကျိုး၊ တိုင်းရင်းသားလူမျိုးများ အကျိုးကို တကယ်လိုလားသည်လား၊ ၎င်းတို့လိုချင်သည့်ပုံစံကို ပုံဖော်နေသည်လား သတိရှိရန်လိုကြောင်း ပြောကြားလိုကြောင်း။

**တရားမဝင်ပညာရေးကျောင်း**

**နောက်ဆုံးအချက်**အနေဖြင့် NUG အကြမ်းဖက်အဖွဲ့က ထူထောင်ထားသည့် တရားမဝင်ပညာရေးကျောင်းဖြစ်သည့် Kaung For You online ပညာရေးဆိုင်ရာ ကိစ္စရပ်နှင့်ဆက်စပ်မှုများကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ Kaung For You Education Centre ဆိုပြီး တရားမဝင်ပညာသင်ကြားမှု အစီအစဉ်ကို ဦးဆောင်သည့် တရားခံပြေး ကောင်းသိုက်စိုး အပါအဝင် သုံးဦး ဖမ်းဆီးရမိခဲ့ခြင်းနှင့်ပတ်သက်ပြီး ပြောလိုကြောင်း၊ သတင်းထုတ်ပြန်ပြီးလည်းဖြစ်သည့်အတွက် အားလုံးလည်း သိထားပြီးဖြစ်မည်ဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် အစိုးရကျောင်းများ၌ ကျောင်းတက်ရောက်ခြင်းမရှိစေရန်နှင့် အစိုးရ၏ ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်ချက်များနှင့် NUG အမည်ခံ အကြမ်းဖက်အဖွဲ့ဝင် ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်ကို Online စနစ်နှင့် သင်ကြားရန်ဆိုပြီး စီစဉ်ခဲ့ခြင်းရှိကြောင်း၊ ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူသည့်သူက ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း မြစ်သားမြို့နယ်၌ ဖြစ်သည့်ဆူပူဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်ခဲ့သည့်အတွက် မြစ်သားမြို့မရဲစခန်းက ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅-က နှင့် အမှုဖွင့်ခံထားရသည့် တရားခံပြေး ကောင်းသိုက်စိုးဖြစ်ကြောင်း၊ ၎င်းသည် လက်ထောက်မြို့နယ်ပညာရေးမှူးအဖြစ် လုပ်ကိုင်ခဲ့ပြီး CDM လုပ်ထားသူဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ကောင်းသိုက်စိုးအပါအဝင် ကျောက်ဆည်မြို့နယ် ကျားကာရွာနေ CDM မူလတန်းပြ ဝင်းဗိုလ်(ခ)ဘိုဘို နှင့် မြစ်သားမြို့နယ် မြင်းရွာကြီးကျေးရွာနေ CDM မူလတန်းပြ သန့်စင်ထိုက်တို့ကို ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ အခကြေးငွေရယူပြီး အမျိုးသမီးများနှင့် ပျော်ပါးရသည့်နေရာ၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း။

တရားခံပြေး ကောင်းသိုက်စိုး၏ ထွက်ဆိုချက်များအရ ၎င်းသည် ယခုပညာသင်ကြားမှုအစီအစဉ်တွင် ကျောင်းအုပ်ကြီးတာဝန်ယူထားကြောင်း၊ NUG အမည်ခံ အကြမ်းဖက်အဖွဲ့၏ စေခိုင်းမှုနှင့် Kaung For You Federal Private School Team ကို ၂၀၂၂ ခုနှစ် ဧပြီလ ပထမပတ်တွင် အဖွဲ့ဝင် ၁၂ ဦးနှင့် အွန်လိုင်းမှတစ်ဆင့် ဖွဲ့စည်းခဲ့ပြီး ဇူလိုင် ၁၃ ရက်တွင် စတင်သင်ကြားပို့ချရန် ဆောင်ရွက်ထားကြကြောင်း၊ ယင်းသို့ သင်ကြားပို့ချနိုင်ရန်အတွက်လည်း CDM ဆရာ ဆရာမဦးရေ ၄၀၀ ကို ခန့်အပ်ရန် စီစဉ်ခဲ့သည်ဟု သိရကြောင်း၊ ထို့ပြင် ကျောင်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူများကိုလည်း ဇွန် ၁ ရက်မှစပြီး အွန်လိုင်းမှတစ်ဆင့် ကျောင်းအပ်လက်ခံခြင်းများ၊ အွန်လိုင်းအခြေပြုသင်ကြားရန်အတွက် Zoom Application၊ Facebook၊ Telegram၊ Signal၊ Gmail ၊ Messenger တို့တွင် Group ဖွဲ့ ဆက်သွယ်ထားသည်များကို စစ်ဆေးတွေ့ရှိရကြောင်း။

နောက်တစ်ချက်မှာ ထိုကဲ့သို့ အွန်လိုင်းမှတစ်ဆင့် စာသင်ကြားပေးမည့် CDM ဆရာ ဆရာမများအတွက် လစာငွေကို ကျောင်းအပ်နှံသည့်ကလေးများ၏ မိဘများထံမှ တစ်ဦးကို တစ်လလျှင် အနည်းဆုံး ကျပ် ၁၀၀၀၀ ကောက်ခံသည်ဟု သိရကြောင်း၊ ယင်းကောက်ခံရရှိသည့် ငွေကြေးများကို အသုံးပြုပြီး ယခုဖမ်းဆီးရမိသည့် တရားခံသုံးဦးသည် တောင်ကြီးနှင့် ကလောမြို့များ၌ လောင်းကစားလုပ်ခြင်းများ၊ အခကြေးငွေယူသည့် အမျိုးသမီးများနှင့် ပျော်ပါးခြင်းများ၊ သောက်စားခြင်းများ လုပ်နေကြပြီး ငွေလိုလာသည့်အချိန်တိုင်းတွင်လည်း CDM လုပ်ထားသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများထံ အွန်လိုင်းမှတစ်ဆင့် အမည်အမျိုးမျိုး၊ အကောင့်အမျိုးမျိုးနှင့် ခြိမ်းခြောက်ငွေကြေးတောင်းခံမှုများ ပြုလုပ်ခဲ့သည်ကို စစ်ဆေးဖော်ထုတ်တွေ့ရှိခဲ့ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို စတင်တာဝန်ယူစဉ်ကတည်းက အနာဂတ်လူငယ်များ၏ ပညာရည်မြင့်မားရေးကဏ္ဍကို အထူးအလေးထားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် ကလေးသူငယ်များ၏ ပညာရေးနှောင့်နှေးကြန့်ကြာမှုများ၊ စာသင်နှစ် နစ်နာရမှုများမရှိအောင် ကိုဗစ်-၁၉ ရောဂါကို စတင်ထိန်းချုပ်လာနိုင်ပြီဆိုသည်နှင့် ပညာရေးကဏ္ဍကိုလည်း ဦးစားပေးဆောင်ရွက်ခဲ့ကြောင်း၊ ကျန်နေသည့်စာသင်နှစ်များအတွက် အခြေခံပညာကျောင်းများကို ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့် အညီ စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ ဖွင့်လှစ်ရာတွင်လည်း နိုင်ငံသားတိုင်း အခြေခံပညာပြီးဆုံးသည်အထိ သင်ယူတတ်မြောက်ရန်ဆိုသည့် ရည်ရွယ်ချက်နှင့် ကျောင်းနေအရွယ်ကလေးတိုင်း ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာသင်ကြားရေးတွင် အခမဲ့ပညာရေးစနစ်ကို ကျင့်သုံးပြီး ကျောင်းများပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ကျောင်းအပ်နှံရေးအစီအစဉ်ဆိုင်ရာ သိရှိရန်အချက်များဆိုပြီး ထုတ်ပြန်ချက်များနှင့် ကျောင်းလခ၊ မိဘဆရာအသင်းကြေး၊ အားကစားကြေး၊ စာရေးကိရိယာကြေးနှင့် စာကြည့်တိုက်ကြေးများအပါအဝင် မည်သည့်အခကြေးငွေကိုမျှ လုံးဝကောက်ခံခြင်းမပြုဘဲ ကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအတွက် ပုံနှိပ်စာအုပ်၊ ဗလာစာအုပ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ အခမဲ့ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်က ယခုကဲ့သို့ ကျောင်းနေအရွယ်ကလေးတိုင်းကို ပညာသင်ကြားနိုင်ရန်နှင့် အနာဂတ်လူငယ်များ၏ ပညာရည်မြင့်မားရေးကို ကြိုးပမ်းဆောင်ရွက်နေချိန်တွင် NUG အမည်ခံ အစွန်းရောက်အဖျက်သမားများက မည်သည့်အတွေးအခေါ်၊ မည်သည့်ရည်ရွယ်ချက်မျိုးများနှင့် ယခုလို လေပေါ်မှ ကြေညာချက်များထုတ်၊ လေကျောင်းများဖွင့်ပြီး အခကြေးငွေကိုမူ လေနှင့်မကောက်ဘဲ တကယ်ကောက်ခံ၊ ထို့နောက် သောက်စားပျော်ပါးသည့်နေရာနှင့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များတွင် သုံးနေသည်မှာ တကယ်ပညာတတ်စေလိုခြင်းလား၊ အလှူခံကောင်းရုံလားဆိုသည်မှာ ကြည့်လျှင်သိနိုင်ကြောင်း၊ မိဘများအနေဖြင့်လည်း မိမိရင်သွေး၊ မိမိသားသမီးကို အမှန်တကယ်ပညာတတ်စေလိုသည်လား၊ ကိုယ့်အတ္တအရောင်များပါနေလားဆိုသည်ကို သုံးသပ်စေလိုကြောင်း၊ ပညာရေးတွင်နိုင်ငံရေးအရောင်များရောထွေးနေသည့် မိဘများ၏အတ္တများကြောင့် ယခုရော မိမိသားသမီးများ ပညာသင်ကြားနေရပြီလား၊ သင်ရိုးများကိုရော လေ့လာပြီးပါပြီလား၊ လက်ရှိသင်ကြားနေသည့်သင်ရိုးများသည် ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်နေသည့်အကြောင်းအရာ ဘာများပါပါသလဲ လေ့လာကြည့်စေလိုကြောင်း၊ နိုင်ငံရေးလုပ်၍ရကြောင်း၊ သို့သော် ကလေးများ၏ ပညာရေးကိုမူ အသုံးချခံမဖြစ်စေလိုကြောင်း၊ ယင်းသည် မိဘတစ်ယောက်အနေဖြင့် စေတနာစကားသာဖြစ်ကြောင်း။

နောက်တစ်ခုမှာ Kaung For You ဆိုသည့်ကျောင်း၌ စာသင်ကြားကြမည့် ကျောင်းသား ကျောင်းသူများ၏ ကိုယ်ရေးအချက်အလက်များ ပေါက်ကြားသည့်ကိစ္စများ၊ ယင်းကိုယ်ရေးအချက်အလက်များကိုကိုင်ပြီး ခြိမ်းခြောက်အကျပ်ကိုင် ငွေညှစ်မှုများကိုလည်း လူမှုကွန်ရက်တွင် ဆူဆူညံညံ ပေါက်ကွဲထွက်လာသည်များကိုလည်း တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့ ဖော်ထုတ်ပေးစရာမလိုကြောင်း၊ ယင်းကိုလည်း အချို့အနီလော်ဘီများက မျက်စိစုံမှိတ်ပြီး ဟိုဘက်ကလုပ်သည်၊ ဒီဘက်ကလုပ်သည်နှင့် ဖာကြ၊ ထေးကြလုပ်နေသည်များ တွေ့ရကြောင်း၊ ယင်းကိစ္စဖြစ်လာသည့်အခါ NUG အကြမ်းဖက်အဖွဲ့နှင့် ပြည်ဖျက်မီဒီယာများက Kaung For You နှင့်ပတ်သက်ခဲ့သည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိဘများကို ဘဝဆုံးသွားအောင်၊ တောထဲရောက်အောင် တွန်းပို့လှုံ့ဆော်နေသည်များ တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် ဦးစီးဦးဆောင်လုပ်နေသည့်သူများ၊ သွေးထိုးလှုံ့ဆော် ခေါင်းဆောင်လုပ်နေသူများမှအပ ကျောင်းသား ကျောင်းသူ၊ မိဘများကို အရေးယူဆောင်ရွက်မည်မဟုတ်ကြောင်းကို နိုင်ငံပိုင်မီဒီယာများ၊ အခြားမီဒီယာများ၏ မေးမြန်းမှုများတွင် ပြောကြားခဲ့ကြောင်း၊ ထူးဆန်းသည်မှာ ယင်းပြောကြားချက်ကို နိုင်ငံ့အကျိုး၊ မိဘပြည်သူများအကျိုးကို လိုလားသူများက ဖော်ပြကြတိုင်း လူမှုကွန်ရက်စာမျက်နှာများအပေါ် တော်တော်များများ ဖြုတ်ချခံခဲ့ရသည်ကို တွေ့ရကြောင်း။

ထိုသို့ဆိုလျှင် ၎င်းတို့၏ရည်ရွယ်ချက်အစစ်အမှန်က ဘာလဲဆိုသည်ကို သိရမည်ဖြစ်ကြောင်း၊ ယခုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ယင်းကိစ္စကို အသေးစိတ်ဖော်ထုတ်ရာတွင် အချက်အလက်များစွာရခဲ့ကြောင်း၊ ယင်းအဖွဲ့အစည်းနှင့် ပတ်သက်မိခဲ့သည့် ဆရာ ဆရာမများနှင့် အချို့သော ဆရာ ဆရာမများသည် မိမိတို့လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များအပေါ် အသိတရားရပြီး အေးချမ်းစွာ နေထိုင်လိုသည့်အတွက် ပြန်လည်ဆက်သွယ်လာမှုများရှိကြောင်း၊ ဩဂုတ် ၇ ရက် နောက်ဆုံးထားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးတွင် ဆက်သွယ်ကြရန် ကြေညာချက်တစ်စောင် ထုတ်ထားကြောင်း၊ အစိုးရအနေဖြင့်လည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝ အေးချမ်းစွာနေထိုင်နိုင်ရေး ဆရာ ဆရာမများကို အာမခံချက်ပေးကြောင်း ထပ်မံအသိပေးပြောကြားလိုကြောင်း။

**နည်းလမ်းမျိုးစုံဖြင့်**
**ငွေညှစ်နေကြသည်ကို တွေ့ရမည်**

NUG အမည်ခံအကြမ်းဖက်အဖွဲ့၏ စေခိုင်းမှုများနှင့် အကြမ်းဖက်သမားများသည် နည်းလမ်းမျိုးစုံဖြင့် ပြည်သူများထံမှ ငွေညှစ်နေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ မည်သည့်ကဏ္ဍမျှမလွတ်ကင်းကြောင်း၊ Kaung For You ဖြစ်စဉ်ကဲ့သို့ ဖြစ်စဉ်များရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြင့်မားရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အခက်အခဲ၊ အနှောင့်အယှက်အမျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ကိုလည်း အားလုံးအသိပင်ဖြစ်ကြောင်း၊ ၎င်းတို့အမြဲတိုင်းတာနေသည့် လူ့အခွင့်အရေးဆိုသည့် ပေတံကိုကြည့်မည်ဆိုပါက အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအပိုဒ် (၂၆)တွင် လူတိုင်း ပညာသင်ကြားခွင့်ရှိသည်၊ အနိမ့်ဆုံး မူလတန်းပညာကို အခမဲ့သင်ခွင့်ရှိသည် ဆိုသည့်အချက်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းအချက်ကို ပြည်သူ့အတွက်ဟုပြောနေသည့်လူများက လိုက်နာနေကြပါသလားဟု မေးလိုကြောင်း၊ ပညာသင်ကြားပေးနေသည့်၊ ပညာသင်ယူနေကြသည့် ဆရာ ဆရာမများနှင့် ကလေးများကိုပင် လူတစ်ယောက်အနေဖြင့်ရော ဘာသာတရားအလိုက် အဆုံးအမများ၊ ကျင့်ဝတ်များအနေဖြင့်ပါ လက်မခံနိုင်သည့် မိုင်းထောင်ခြင်း၊ လူသတ်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ကျောင်းများကို မီးရှို့ဖျက်ဆီးခြင်းများကို ထိုအဖွဲ့များက လုပ်ဆောင်နေသည်မှာ ကလေးများကို အမှန်တကယ်ပညာတတ်စေလိုခြင်းလားဟု မေးကြည့်စေလိုကြောင်း။

ယခုလိုဖြစ်ရန် စေခိုင်းနေသည့်သူများ၏ သားသမီးများကရော မည်သည့်နေရာတွင် ပညာသင်ကြားနေပါသလဲ၊ ၎င်းတို့ကိုယ်တိုင်ဦးဆောင်ပါဝင်နေသော ၎င်းတို့သတ်မှတ်ထားသည့် ၎င်းတို့အစိုးရဟုသတ်မှတ်ထားသည့် အစိုးရကဖွင့်သည့် ကျောင်းများတွင် ကျောင်းတက်နေပါသလား၊ ယခုကဲ့သို့လုပ်ရန် တိုက်တွန်းနေသည့်သူများကရော မည်သည့်နေရာတွင် နေထိုင်နေကြပါသလဲ၊ အလှူခံကောင်းရုံ ဓာတ်ပုံများရိုက်ပြခြင်းများတော့ ရှိနိုင်ကြောင်း၊ ၎င်းတို့ဘယ်လိုနေရာများတွင် နေထိုင်နေကြပါသလဲ၊ ၎င်းတို့၏ သွေးထိုးမြှောက်ပင့်မှုများကြောင့် လူငယ်အများအပြားဆုံးရှုံးနေရကြောင်း၊ အမှန်တကယ် အလှူငွေများရနေသည်မှာ မည်သူများလဲ၊ ယခု Kaung For You ဖြစ်စဉ်တွင် အလှူငွေတောင်မဟုတ်သည့် ပညာသင်ကြားခများကိုပင် ကိုယ်ကျိုးကိစ္စများအတွက် သုံးစွဲနေသည်ကိုတွေ့ရကြောင်း၊ ဘက်စုံအတွက်လှူသည်ဆိုသည့် ငွေများဆိုလျှင် ဘက်စုံသုံး၊ ဘက်စုံဘုံးနေကြမည်မှာ အသေအချာဖြစ်ကြောင်း၊ ယင်းဖြစ်စဉ်တွင်သာမက ဖမ်းဆီးရမိသည့်ဖြစ်စဉ်များကို ကြည့်မည်ဆိုလျှင် ၎င်းတို့ကိုယ်တိုင်ဝန်ခံထားသည့် ထွက်ဆိုချက်များတွင် ရရှိသည့်အလှူငွေများကို လောင်းကစားလုပ်ခြင်း၊ ကိုယ်ကျိုးအတွက် အိမ်၊ ခြံများဝယ်ခြင်း၊ လက်ဝတ်ရတနာများဝယ်ခြင်း၊ အခကြေးငွေပေး၍ အမျိုးသမီးများနှင့်ပျော်ပါးသည့် နေရာများတွင် သုံးစွဲခြင်းနှင့် မူးယစ်ဆေးသုံးစွဲသည့် နေရာများတွင် အသုံးချနေကြသည်ကို ၎င်းတို့၏ ထွက်ဆိုချက်များတွင် တွေ့ရမည်ဖြစ်ကြောင်း၊ ထိုကိစ္စများနှင့် ပတ်သက်သည့် Video File များကိုလည်း ပြသပြီးဖြစ်ကြောင်း၊ ယခင်ပြသပြီးသား Video File တစ်ခုကို ပြန်လည်ပြသမည်ဖြစ်ကြောင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ ထိခိုက်စေရန် ပြသခြင်းမဟုတ်ကြောင်း ပြောကြား၍ Video File ကို ပြသသည်။

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းအသီးသီးတွင် သွေးထိုးလှုံ့ဆော်မှုများကြောင့် ရောက်ရှိနေသည့် လူငယ်များ၏ ရင်လေးဖွယ်ရာအဖြစ်များနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်းများကို တွေ့ရမည်ဖြစ်ကြောင်း၊ အမျိုးသမီးငယ်အတော်များများတွင် ကိုယ်ဝန်များရှိနေကြသည်ကိုလည်း မိမိပြောခဲ့ပြီးဖြစ်ကြောင်း၊ ၎င်းတို့အပေါ် လိင်ပိုင်းဆိုင်ရာ စော်ကားမှု၊ အမြတ်ထုတ်မှုများရှိနေသည်ကိုလည်း တွေ့ရကြောင်း၊ ထိုကိစ္စများနှင့်ပတ်သက်၍ မီဒီယာတစ်ခုကလည်း မိမိတို့၏ရေးသားချက်များအပေါ် ပြင်းပြင်းထန်ထန် ပြန်လည်ရေးသားခဲ့ကြောင်း၊ ဆန့်ကျင်၍ ရေးသားခြင်းမဟုတ်ဘဲ ထိုသို့မဖြစ်သင့်ကြောင်းကို ရေးသားခဲ့ခြင်းဖြစ်ကြောင်း၊ ထူးခြားသည်မှာ NUG အကြမ်းဖက်အဖွဲ့အစည်းနှင့် ဆက်စပ်နေသည့် အဖွဲ့အစည်းအသီးသီးတွင် သွေးထိုးလှုံ့ဆော်မှုများကြောင့် ရောက်ရှိနေသည့် အမျိုးသမီးငယ်များ ရှိကြောင်း၊ ၎င်းတို့အပေါ်တွင် လိင်ပိုင်းဆိုင်ရာ စော်ကားမှုများ၊ အမြတ်ထုတ်မှုများရှိနေကြောင်းကို တွေ့ရပါကြောင်း၊ စိတ်မကောင်းစွာနှင့်ပြောရလျှင် အချို့ကိစ္စများမှာ လူမှုအရသာခံစားရန်အတွက် ပွဲတော်ကြီးတစ်ပွဲသဖွယ်ဖြစ်နေသည်ကို အံ့သြစွာ တွေ့ရကြောင်း၊ အချို့ကိစ္စများဆို မိမိပြောစရာမလိုကြောင်း၊ ၎င်းတို့ကိုယ်တိုင် ပေါက်ကွဲထွက်နေကြသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

နှစ်ထပ်ကွမ်းသက်တမ်းရှိနေပြီဖြစ်သည့် နွေဦးတော်လှန်ရေး၊ ၎င်းတို့ ယခုပြောသည့် အရေးတော်ပုံကြီး အောင်မြင်ရန် NLD က မွေခံထိုက်စေဘဝနှင့် ဆင်းသက်လာကြသည့် လက်ပါးစေခေါ်မည်လား၊ လက်ကိုင်တုတ်ခေါ်မည်လား၊ အလှူခံစားနေကြသည့်သူများ တစ်ယောက်နှင့်တစ်ယောက် တည့်ကြရဲ့လား၊ ညီညွတ်ကြသလား၊ စည်းလုံးကြသလား၊ ဖေးမကြသလားဆိုသည်ကို လူမှုကွန်ရက်စာမျက်နှာများတွင် တင်၍ပြောဆိုနေကြသည်များကိုသာ ကြည့်စေလိုကြောင်း၊ မိမိတို့ ပြောနေစရာပင် မလိုကြောင်း၊ လေတပ်ချီပြီး လေစစ်တိုက်နေကြသည်ကိုတော့ တွေ့ရကြောင်း၊ မည်သူကမည်မျှလှူပါသည်ဆိုသည်ကိုပင် အလှူရှင်များ၏ လုံခြုံရေးအရ ချမပြဘူးဆိုသည့် အကြောင်းပြချက်ကြီးက အခိုင်အခံ့ရှိနေလေတော့ မည်သူက မည်မျှလှူမှန်းမသိ၊ ကျန်သည့်လူက လူမြင်ကောင်းအောင် လှူပြ၊ အလှူခံပုဂ္ဂိုလ်မိသားစုအတွက်သာ ဖြစ်သွားသည်ကိုလည်း တွေးခေါ်ရန်လိုကြောင်း၊ အမေရိကန်လိုနိုင်ငံမျိုး၌ မိမိသာမက မိသားစုတစ်ခုလုံးကို မည်သည့်အလုပ်မှလည်း မည်မည်ရရပြစရာမရှိဘဲ ခေါ်ထားနိုင်ခြင်းသည်လည်း စဉ်းစားစရာပင်ဖြစ်ကြောင်း၊ ယင်းနိုင်ငံတွင်တော့ ထိုက်သင့်သည့် အထောက်အပံ့များ ရလိမ့်မည်ဖြစ်ကြောင်း၊ ပြန်လည်ဝင်ရောက်လာသူအချို့၏ ပြောပြချက်များအရ ရရှိသည့် ထောက်ပံ့မှုများကလည်း ၎င်းတို့အတွက် နေထိုင်စားသောက်စရိတ်ခန့်သာပေးခြင်းဖြစ်ပြီး သုံးဖြုန်းပျော်ပါးရန် မလုံလောက်ကြောင်း၊ သို့သော် ၎င်းတို့ မည်သို့ပျော်ပါးနေကြသည်၊ မည်သို့လုပ်ဆောင်နေကြသည်၊ ၎င်းတို့သားသမီးများ ကျောင်းများ မည်သို့တက်နေကြသည်၊ မည်သို့နေထိုင်ကြသည်ကို လူမှုကွန်ရက်တွင် ၎င်းတို့တင်ထားသည်ကို ကြည့်လျှင်ပင် သိမြင်နိုင်ကြောင်း၊ ထိုအရာများသည် ခိုင်မာသည့် သက်သေအထောက်အထားများ ဖြစ်သည်ဟု ပြောလိုပါကြောင်း။

(ဆက်လက်ဖော်ပြပါမည်)

# ဓာတ်ခွဲနမူနာစုစုပေါင်း ၆,၁၉၈ ခုအား စစ်ဆေးပြီးစီး၊ ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၈ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၆,၁၉၈) ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၈)ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၂၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၅၁၇,၉၉၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၄,၀၀၉) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများကို နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၇) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၅၉၂,၈၆၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန်လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများကို ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား/ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများကို ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေး ဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ (၂၈-၇-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၆၉) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၆) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၂၁၁) ခု | (၂)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၂၉) ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆၁၇) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၆၆၆) ခု | (၉)ဦး |
| စုစုပေါင်း | (၆,၁၉၈) ခု | (၁၈)ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၂၇၆၁၈၆၅ | ၈၇၇၇၂၁၆၄ | ၁၀၅၃၉၆၉ |
| ၂။ | အိန္ဒိယ | ၄၃၉၅၉၃၂၁ | ၄၃၂၈၆၇၈၇ | ၅၂၆၂၁၁ |
| ၃။ | ဘရာဇီး | ၃၃၇၀၇၀၆၉ | ၃၂၁၉၀၃၆၁ | ၆၇၇၈၇၁ |
| ၄။ | ပြင်သစ် | ၃၃၆၈၉၆၅၇ | ၃၁၈၂၂၈၂၅ | ၁၅၁၇၈၂ |
| ၅။ | ဂျာမနီ | ၃၀၇၀၂၅၁၁ | ၂၈၇၃၇၇၀၀ | ၁၄၃၇၀၂ |
| ၆။ | ဗြိတိန် | ၂၃၃၀၄၄၇၉ | ၂၂၆၁၃၃၉၇ | ၁၈၃၉၅၃ |
| ၇။ | အီတလီ | ၂၀၈၃၇၂၃၃ | ၁၉၂၈၅၆၆၇ | ၁၇၁၄၃၉ |
| ၈။ | တောင်ကိုရီးယား | ၁၉၅၃၅၂၄၂ | ၁၈၄၈၆၉၁၃ | ၂၄၉၅၇ |
| ၉။ | ရုရှား | ၁၈၅၆၅၅၅၁ | ၁၇၉၅၈၄၆၃ | ၃၈၂၁၁၃ |
| ၁၀။ | တူရကီ | ၁၅၅၂၄၀၇၁ | ၁၅၂၂၁၅၀၆ | ၉၉၁၈၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၇၄၆၇၉ | ၉၈၈၈၄၆၈ | ၄၃၀၉၂ |
| ၂။ | အင်ဒိုနီးရှား | ၆၁၉၁၆၆၄ | ၅၉၈၈၀၅၂ | ၁၅၆၉၅၇ |
| ၃။ | မလေးရှား | ၄၆၆၄၂၁၃ | ၄၅၈၁၃၆၅ | ၃၅၉၄၂ |
| ၄။ | ထိုင်း | ၄၅၈၄၀၇၀ | ၄၅၂၈၈၂၀ | ၃၁၂၉၃ |
| ၅။ | ဖိလစ်ပိုင် | ၃၇၆၄၃၄၆ | ၃၆၇၃၇၄၅ | ၆၀၇၀၄ |
| ၆။ | စင်ကာပူ | ၁၆၈၅၈၈၉ | ၁၅၈၄၉၆၁ | ၁၄၉၀ |
| ၇။ | မြန်မာ | ၆၁၄၀၀၉ | ၅၉၂၈၆၅ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၁၀၅၂ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၂၀၃၁၈၅ | ၁၆၄၁၁၆ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၆၈၀ | ၁၃၃၄၅၄ | ၃၀၅၆ |

## ကျောက်တံခါးမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှု ပြုလုပ်

ကျောက်တံခါး ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေ၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများနှင့် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းတပ်ဆင်ရေးလှုပ်ရှားမှုပြုလုပ်ခြင်းကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်-မန္တလေး လမ်းဟောင်း သူဌေးကုန်းကျေးရွာလမ်းဆုံ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်အတွင်းရှိ ပြည်သူများအနေဖြင့် နေအိမ်ပြင်ပသို့ သွားလာပါက နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊ လက်ကိုမကြာခဏ ဆေးကြောရန်နှင့် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရန်တို့ကို အသိပညာပေးပြောကြားပြီး နှာခေါင်းစည်းများကို အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့

# ကမ္ဘာတစ်ဝန်း၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ၁၈၀၀၀ ကျော် ရှိလာ



**ဂျီနီဗာ ဇူလိုင် ၂၈**

ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၇၈ နိုင်ငံ၌ မျောက်ကျောက်ရောဂါကူးစက်ခံရသူ ၁၈၀၀၀ ကျော်စစ်ဆေးတွေ့ရှိရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ယနေ့ ပြောကြားသည်။

အဆိုပါ မျောက်ကျောက်ရောဂါကူးစက်ခံရသူများ၏ ၇၀ ရာခိုင်နှုန်းသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှဖြစ်ပြီး ၂၅ ရာခိုင်နှုန်းသည် အာဖရိကနိုင်ငံများမှဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့စ် အက်ဒါနွမ်ဂါဘရီယီဆက်က ဆိုသည်။

လက်ရှိအချိန်အထိ မျောက်ကျောက်ရောဂါကူးစက်မှုကြောင့် အာဖရိကဒေသ၌ သေဆုံးသူ ငါးဦးရှိပြီဖြစ်ကြောင်း သိရသည်။

အဆိုပါရောဂါဖြစ်ပွားမှု၏ ၉၈ ရာခိုင်နှုန်းသည် အမျိုးသားအချင်းချင်း လိင်တူဆက်ဆံခြင်းကြောင့် ကူးစက်ခြင်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

ထို့ပြင် မျောက်ကျောက်ရောဂါသည် လူများအကြား အနီးကပ်ထိတွေ့ခြင်းမှတစ်ဆင့် ညစ်ပေသည့်မျက်နှာသုတ်ပဝါနှင့် အိပ်ရာများပေါ်မှ ရောဂါကူးစက်နိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ် အက်ဒါနွမ်ဂါဘရီယီဆက်က ဆက်လက်ပြောသည်။

မျောက်ကျောက်ရောဂါကို နိုင်ငံတကာစိုးရိမ်ဖွယ်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေတစ်ရပ်အဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လွန်ခဲ့သောရက်သတ္တပတ်က ကြေညာခဲ့သည်။

မျောက်ကျောက်ရောဂါသည် လူသိနည်းသည့် ကူးစက်မှုပုံစံတစ်ရပ်အသွင်ဖြင့် ကမ္ဘာတစ်ဝန်းသို့ ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးစောင့်ကြည့်ရေးအဖွဲ့က သတိပေးပြောကြားသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ဖိလစ်ပိုင်ငလျင်ကြောင့် သေဆုံးသူ ငါးဦးရှိလာ

**မနီလာ ဇူလိုင် ၂၈**

ဖိလစ်ပိုင်နိုင်ငံ၌ ယမန်နေ့က အင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် သေဆုံးသူ ငါးဦးအထိ ရှိလာပြီး အများအပြား ထိခိုက်ဒဏ်ရာရရှိခဲ့ ကြောင်း ယနေ့သတင်းများအရ သိရသည်။

အင်အား (၇) အဆင့်ရှိ ငလျင်သည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၈ နာရီ မိနစ် ၄၀ တွင် လူဇွန်ကျွန်း၌ လှုပ်ခတ်ခဲ့သည်။ ငလျင်လှုပ်ခတ်မှုကြောင့် လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများ ပြိုကျပျက်စီးခဲ့ကြောင်း အာဏာပိုင်များက ဆိုသည်။ ထို့ပြင် ပြည်သူများလည်း အဆိုပါအပျက်အစီးများအောက်တွင် ပိတ်မိနေကြောင်း ၎င်းတို့က ပြောကြားသည်။

အဆိုပါငလျင်သည် မြို့တော်မနီလာတွင်လည်း လှုပ်ခတ်ခဲ့ပြီး မြို့တော်အတွင်းရှိ အထပ်မြင့်အဆောက်အအုံများမှ ပြည်သူများအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့နေထိုင်ကြရန် အာဏာပိုင်များက ပြောကြားခဲ့ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် သမိုင်းဝင်ဗိသုကာ အမွေအနှစ်မြို့ ဗီဂန်ရှိ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများလည်း ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

သမ္မတ မားကို့စ်ဂျူနီယာက ငလျင်ဘေးသင့်ဒေသများသို့ သွားရောက်ကာ ပြည်သူများအား အားပေးစကားပြောကြားပြီး ပျက်စီးသွားသည့် အဆောက်အအုံများကို ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ကြောင်းနှင့် လိုအပ်သည်များကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ၌ လှုပ်ခတ်ခဲ့သည့် ငလျင်များအနက် ၂၀၁၃ ခုနှစ်တွင်လှုပ်ခတ်ခဲ့သည့် အင်အား ၇ ဒသမ ၁ အဆင့်ရှိ ငလျင်ကြောင့် ၂၀၀ ကျော်သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ပါကစ္စတန်နိုင်ငံ၌ ရေကြီးရေလျှံမှုများကြောင့် သေဆုံးသူ ၃၃၀ ရှိလာ

**အစ္စလာမ္မာဘတ် ဇူလိုင် ၂၈**

ပါကစ္စတန်နိုင်ငံအတွင်း မုတ်သုံရာသီစတင်ဝင်ရောက်သည့်အချိန်မှစပြီး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေရာအနှံ့အပြား၌ ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါရေကြီးရေလျှံမှုများကြောင့် ဇွန်လအလယ်ပိုင်းမှစပြီး သေဆုံးသူ ၃၃၀ ခန့်ရှိသည်။

ဘာလိုချီစတန်ခရိုင် အနောက်တောင်ဘက်ပိုင်းတွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံပြည်သူများ သောင်တင်လျက်ရှိသည်။

ရက်သတ္တပတ်ပေါင်းများစွာကြာ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် လမ်းမကြီးများ၊ တံတားများနှင့် လူနေအိမ် ၈၀၀၀ ခန့် ထိခိုက်ပျက်စီးခဲ့ရကြောင်း သိရသည်။

လက်ရှိအချိန်သည် ပါကစ္စတန်နိုင်ငံ၏ မုတ်သုံရာသီအလယ်ပိုင်းတွင် ရောက်ရှိနေပြီး ယခုနှစ်မိုးရွာသွန်းမှုသည် နေရာဒေသအများအပြား၌ သာမန်နှစ်များထက် မိုးရေချိန်ပိုမိုများပြားကြောင်း သိရသည်။

ရာသီဥတုဆိုင်ရာ သတိပေးချက်များကို မပျက်မကွက် စောင့်ကြည့်ကြရန်နှင့် ဘေးအန္တရာယ်ကင်းရှင်းသည့်နေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရန် တာဝန်ရှိသူများက ပြည်သူများအား တိုက်တွန်းပြောကြားသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် နောက်ဆက်တွဲဆိုးကျိုးတစ်ရပ်အနေဖြင့် ကာလဝမ်းရောဂါ ကူးစက်ပျံ့နှံ့မည်ကို ပြည်သူများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**



# ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ စံချိန်တင် မြင့်တက်

**တိုကျို ဇူလိုင် ၂၈**

ဂျပန်နိုင်ငံတွင် BA.5 ဗီဇပြောင်းဗိုင်းရပ်စ်ကူးစက်မှုများကြောင့် ယနေ့တွင် ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၂၃၃၁၀၀ ကို ထပ်မံတွေ့ရှိရကြောင်း သိရသည်။ တိုကျိုမြို့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၀၄၀၆ ဦး ထပ်မံတွေ့ရှိကြောင်း သိရသည်။ နေ့စဉ် ကိုဗစ်-၁၉ ရောဂါကူးစက်သူအရေအတွက်သည် ပြီးခဲ့သည့် သီတင်းပတ်များကထက် များပြားကြောင်းသိရသည်။ ယခုအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုများ ကျဆင်းခြင်းမရှိသည့်အပြင် ဂျပန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ အရေအတွက် အများဆုံး ဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# နမီးဘီးယားနိုင်ငံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်မည်

**ဝင်းဒေါ့စ် ဇူလိုင် ၂၈**

နမီးဘီးယားနိုင်ငံအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ပြီးခဲ့သည့် နှစ်များအတွင်း တိုးတက်မှုများရှိလာသည်ကို တွေ့ရှိရပြီးထပ်မံ၍လည်း လုပ်ငန်းများ အများအပြားဆောင်ရွက်ရမည်ဖြစ်ကြောင်း နမီးဘီးယားကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဘန်နန်ကွန်မီက ပြောကြားသည်။

**အကူအညီပေး**

နမီးဘီးယားနိုင်ငံအနေဖြင့် နိုင်ငံသားတိုင်းအား အဆင့်အတန်းမီပြီး လူတိုင်းကုသနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ဖြစ်လာစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယခုအချိန်တွင် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို ရေးဆွဲထားပြီးဖြစ်သဖြင့် ယင်းစနစ်သည် နမီးဘီးယားနိုင်ငံ၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ကို အကူအညီပေးကြောင်း မိမိတို့တွေ့ရှိခဲ့သည်ဟု ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုစနစ်ဆိုင်ရာအစည်းအဝေးတွင် ၎င်းက ပြောကြားသည်။

**တိုးမြှင့်ဆောင်ရွက်**

ယခုအစည်းအဝေးအရ ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုစနစ်သည် နမီးဘီးယားနိုင်ငံအား သာယာဝပြောစေရေးအကူအညီပေးကြောင်း ၎င်းကပြောကြားသည်။ ထို့ပြင်နိုင်ငံအတွင်း ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေး စောင့်ရှောက်မှုစနစ်ကို တိုးမြှင့်ဆောင်ရွက်ရမည်ဖြစ်ကြောင်း အဆိုပါအစည်းအဝေးအရ သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# တရားမဝင်ကုန်သွယ်မှု တားဆီး/ဖမ်းဆီးနိုင်ရေးအတွက် တားဆီး/ဖမ်းဆီးဆုငွေနှင့် သတင်းပေးဆုငွေချီးမြှင့်နိုင်ရေး အသိပေးထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံအတွင်းသို့ လမ်းကြောင်းအသီးသီးမှ စားသုံးရန်မသင့်သည့် စားသောက်ကုန်များ၊ အရည်အသွေးနိမ့်လူသုံးကုန်ပစ္စည်းများ၊ တရားမဝင်ဆေးဝါးများနှင့် အခွန်ပေးဆောင်ထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများ ဝင်ရောက်မှုကို ကုန်သွယ်ရေးစခန်းများ၊ စစ်ဆေးရေးစခန်းများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ ဖွဲ့စည်း၍ တားဆီး/ဖမ်းဆီးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

၂။ တရားမဝင်ကုန်သွယ်မှုများကြောင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာထိခိုက်ခြင်း၊ တရားမဝင်ကုန်သွယ်မှုကြောင့် တရားဝင်လုပ်ကိုင်နေသော လုပ်ငန်းများကို အဟန့်အတားဖြစ်စေခြင်း၊ တရားမဝင်ကုန်ပစ္စည်းများဝင်ရောက်နေသည့်အတွက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် တရားမဝင်ကုန်စည်များနှင့် ပြိုင်ဆိုင်ရောင်းချနိုင်စွမ်းနည်းပြီး ရေရှည်ရပ်တည်ရန် ခက်ခဲလာခြင်းတို့ကြောင့် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ တားဆီးထိန်းချုပ်နိုင်ရေးလုပ်ငန်းစဉ်များ၌ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းပါဝင်မှသာ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၃။ တရားမဝင် တင်သွင်း/တင်ပို့မှုများနှင့် ပတ်သက်၍ တားဆီး/ဖမ်းဆီးပစ္စည်းများအပေါ် ရွေးယူဒဏ်ငွေတပ်ရိုက်ခြင်း သို့မဟုတ် လေလံတင်ရောင်းချခြင်းမှ ရရှိငွေ၏ ၃၀ ရာခိုင်နှုန်းကို ဖမ်းဆီးသူများအားလည်းကောင်း၊ ၂၀ ရာခိုင်နှုန်းအား သတင်းပေးသူများကို လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် ၇၀/၂၀၂၀ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆုငွေချီးမြှင့်လျက်ရှိပါသည်။

၄။ တရားမဝင် တင်သွင်း/တင်ပို့မှုများ တွေ့ရှိပါက တင်သွင်း/တင်ပို့ ပစ္စည်းများနှင့် ပတ်သက်၍ တားဆီး/ဖမ်းဆီးနိုင်သည့် သတင်းအချက်အလက်တိတိကျကျဖော်ပြ၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များထံသို့ တရားမဝင် တင်သွင်း/တင်ပို့ခြင်းကို ဖမ်းဆီးနိုင်ရေး လျှို့ဝှက်လုံခြုံစွာ သတင်းပေး တိုင်ကြားနိုင်ပါသည်။

၅။ သတင်းပေးပို့သူနှင့်ပတ်သက်သော အချက်အလက်များကို လျှို့ဝှက်စွာ ထိန်းသိမ်းထားရှိမည်ဖြစ်ပါသည်။ သတင်းပေးပို့ခြင်းအတွက် ရရှိမည့်ဆုငွေများကို လျှို့ဝှက်စွာ ဆက်သွယ်အကြောင်းကြား၍ လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်၍ ဆက်သွယ်ထုတ်ပေးသွားမည့်အပြင် သတင်းပေးသူကို လျှို့ဝှက်ထားရှိမည်ဖြစ်ကြောင်း အကောက်ခွန်ဦးစီးဌာနမှ သတင်းရရှိပါသည်။

၆။ သတင်းပေး ဆက်သွယ်တိုင်ကြားနိုင်သည့် ဖုန်းနံပါတ်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | မြို့နယ် | ဖုန်းနံပါတ် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် | ဗန်းမော်မြို့ | ၀၉-၄၂၈၂၂၄၇၀၁<br>၀၉-၅၀၈၇၀၈၄ | |
| | | မြစ်ကြီးနားမြို့ | ၀၇၄-၂၅၂၉၅၁၂<br>၀၇၄-၂၅၂၃၇၆၃ | |
| ၂ | ကယားပြည်နယ် | လွိုင်ကော်မြို့ | ၀၉-၂၀၃၀၃၃၀<br>၀၉-၇၉၆၂၈၇၇၉၅<br>၀၉-၇၅၇၈၂၇၄၅၄ | |
| ၃ | ကရင်ပြည်နယ် | ဘားအံမြို့ | ၀၉-၂၆၁၁၇၉၀၆၂<br>၀၉-၅၀၆၆၅၆၉ | |
| | | ကော့ကရိတ်မြို့ | ၀၉-၄၄၂၇၇၅၅၆၈<br>၀၉-၇၈၇၆၀၅၉၉၆ | |
| | | မြဝတီမြို့ | ၀၉-၂၅၀၀၆၃၂၂၀<br>၀၉-၅၀၆၃၇၂၀ | |
| ၄ | မွန်ပြည်နယ် | မော်လမြိုင်မြို့ | ၀၅-၇၂၀၂၇၁၆၁<br>၀၅-၇၂၀၂၁၀၆၉ | |
| | | မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း | ၀၅-၇၂၀၂၄၄၈၆<br>၀၅-၇၂၀၂၁၀၆၉<br>၀၅-၇၂၀၂၇၁၆၁ | |
| ၅ | ရခိုင်ပြည်နယ် | စစ်တွေမြို့ | ၀၉-၇၉၆၀၉၁၅၉၁<br>၀၄၃-၂၁၀၁၉<br>၀၉-၅၀၂၇၉၀၂ | |
| | | ကျောက်ဖြူမြို့ | ၀၉-၄၂၈၇၅၀၁၉၂ | |
| | | မောင်တောမြို့ | ၀၉-၂၅၄၄၄၇၁၄၃ | |
| ၆ | ရှမ်းပြည်နယ် | တောင်ကြီးမြို့ | ၀၉-၄၂၉၀၃၅၀၉၁<br>၀၉-၄၁၀၀၆၇၉၂ | |
| | | ကျိုင်းတုံမြို့ | ၀၉-၂၅၀၀၆၃၁၆၆<br>၀၉-၅၀၈၅၄၁၅ | |
| | | တာချီလိတ်မြို့ | ၀၉-၅၁၄၉၁၀၀<br>၀၉-၂၅၇၅၅၁၅၀ | |
| | | မိုင်းဆတ်မြို့ | ၀၉-၄၂၀၄၂၀၉၄၃<br>၀၉-၉၆၆၂၂၄၀၇၀ | |
| | | လားရှိုးမြို့ | ၀၉-၄၀၈၈၇၆၆၇၇<br>၀၉-၄၀၈၈၇၆၆၉၉ | |
| | | ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း | ၀၉-၂၁၅၀၂၂၈<br>၀၉-၅၄၀၈၉၅၇ | |
| | | မူဆယ်မြို့ | ၀၉-၂၅၅၇၇၂၃၂၂<br>၀၉-၆၈၆၃၉၀၃၀၆ | |
| | | မူဆယ်(OSS) | ၀၉-၅၁၉၃၅၆၄<br>၀၉-၇၈၅၄၁၄၄၃၃ | |
| ၇ | ချင်းပြည်နယ် | ဟားခါးမြို့ | ၀၇၀-၂၁၈၀၉<br>၀၇၀-၂၀၂၁၄၅၂ | |
| ၈ | စစ်ကိုင်းတိုင်းဒေသကြီး | မုံရွာမြို့ | ၀၇၁-၂၁၁၆၁<br>၀၇၁-၂၀၂၁၁၆၁ | |
| | | တမူးမြို့ | ၀၉-၇၇၉၁၇၂၁၂၁<br>၀၉-၉၅၄၇၀၆၂၄၉<br>၀၉-၄၄၂၀၇၅၉၆၄ | |
| ၉ | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့ | ၀၉-၅၀၀၁၉၅၂<br>၀၉-၂၀၀၀၂၂၇<br>၀၂-၄၀၇၀၃၂၈ | |
| | | ၁၆ မိုင် ကျောက်ချော စစ်ဆေးရေးစခန်း | ၀၉-၅၃၂၂၉၈၅ | |
| ၁၀ | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့ | ၀၉-၄၂၂၅၃၂၃၃၁<br>၀၉-၇၇၇၄၄၄၁၂၅ | |
| ၁၁ | မကွေးတိုင်းဒေသကြီး | မကွေးမြို့ | ၀၆၃-၂၀၂၈၇၁၆ | |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ရန်ကုန်မြို့ | ၀၉-၈၉၅၅၁၂၆၂၂<br>၀၉-၅၀၄၈၈၆၃<br>၀၉-၅၆၈၀၅၁၇ | |
| | | သီလဝါ(SEZ) | ၀၉-၄၃၁၆၁၃၉၅<br>၀၉-၇၆၉၉၃၄၃၁၇ | |
| | | ရန်ကုန်လေဆိပ် | ၀၉-၂၅၃၉၈၉၈၉၀<br>၀၁-၆၆၂၆၆၄ | |
| ၁၃ | ပဲခူးတိုင်းဒေသကြီး | ပဲခူးမြို့ | ၀၅၁-၂၂၀၁၈၇၅ | |
| ၁၄ | နေပြည်တော် | နေပြည်တော် | ၀၉-၇၈၅၀၄၂၃၇၄<br>၀၉-၅၁၈၄၁၄၂<br>၀၉-၇၅၅၈၅၅၈၃၉ | |
| ၁၅ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ်မြို့ | ၀၉-၂၀၂၁၂၃၆<br>၀၉-၅၀၇၆၃၄၆ | |
| | | ကော့သောင်းမြို့ | ၀၅၉-၂၀၅၁၀၀၅<br>၀၉-၂၆၀၉၇၈၃၇၇ | |
| | | မြိတ်မြို့ | ၀၉-၅၁၆၅၂၄၁<br>၀၉-၅၀၉၀၆၂၀<br>၀၉-၅၀၈၆၈၅၁ | |

**တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ**

## ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၇၂ တုံး၊ အလေးချိန် ၂၃ ဒသမ ၉၈ ကီလို ဖမ်းဆီးရမိ

နေပြည်တော် ဇူလိုင် ၂၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၇၂ တုံး၊ အလေးချိန် ၂၃ ဒသမ ၉၈ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီခွဲတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ် တာကော်တံတား ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ကာလိမှ မိုင်းပျဉ်းဘက်သို့ ချိန်ဟုပ်မောင်းနှင်ပြီး မရှိန်ဟွယ် လိုက်ပါလာသည့် CROWN Royal Saloon မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၂၈၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၇၂ တုံး၊ အလေးချိန် ၂၃ ဒသမ ၉၈ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ဘိန်းဖြူဘလောက်တုံးများကို ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့နယ်မှ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော NUG နှင့်ဆက်သွယ်၍ Online စနစ်ဖြင့် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်နိုင်ရန် ဖိတ်ခေါ်

**နေပြည်တော် ဇူလိုင် ၂၈**

အစိုးရ၏ပညာရေးစနစ် ပျက်ပြားစေရန် ရည်ရွယ်၍ အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် NUG မှ အဖွဲ့ဝင် တရားခံပြေး ဇော်ဝေစိုးနှင့် ဂျာထွယ်ပန်တို့သည် Kaung For You တရားမဝင် ပညာသင်ကြားမှုအစီအစဉ်အား Online စနစ်ဖြင့် သင်ကြားနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ယင်းအစီအစဉ်တွင် ကျောင်းအုပ်ကြီးအဖြစ် တာဝန်ယူထားသူ ကောင်းသိုက်စိုး (CDM၊ လက်ထောက်မြို့နယ်ပညာရေးမှူး) အပါအဝင် ဝင်းဗိုလ်(ခ) ဘိုဘို(CDM ၊ မူလတန်းပြ)နှင့် သန့်စင်ထိုက်(CDM၊ မူလတန်းပြ) တို့ သုံးဦးအား တာဝန်သိပြည်သူများ၏ သတင်းပေးပို့ချက်အရ ၂၀၂၂ ခုနှစ် ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) အောင်ပန်းမြို့နယ် လှည်းရိုးရပ်ကွက်ရှိ ပြည့်တန်ဆာအခန်း၌ အမျိုးသမီးများနှင့်အတူ သောက်စားပျော်ပါးနေချိန် ဖမ်းဆီးရမိခဲ့သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်ကို ဦးစီးဦးဆောင်ခဲ့သူများ၊ လူငယ်များကို လမ်းမှားရောက်စေရန် တွန်းပို့ခဲ့သူများမှအပ ၎င်းတို့၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုများကြောင့် ပါဝင်ခဲ့ရသည့် ကျောင်းသား ကျောင်းသူများနှင့် မိဘများအား တစ်စုံတစ်ရာအရေးယူမှု ပြုလုပ်သွားမည်မဟုတ်ကြောင်းကိုလည်း သတင်းများ၊ ဆက်သွယ်မေးမြန်းမှုများကို ဖြေကြားခြင်းများဖြင့် အသိပေးပြောကြားပြီးဖြစ်သည်။

လက်ရှိအချိန်တွင် ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်များမှ စစ်ဆေးပေါ်ပေါက်ချက်များအပေါ်အခြေခံ၍ Kaung For You Federal Private School တရားမဝင်စာသင်ကြားမှု အစီအစဉ်တွင် ပါဝင်သည့် ဆရာ ဆရာမများ၊ ငွေကြေးထောက်ပံ့မှုများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏စာရင်းကို အသေးစိတ်ရရှိပြီးဖြစ်သည်။

Kaung For You တရားမဝင်ပညာသင်ကြားမှု အစီအစဉ်တွင် ပါဝင်ခဲ့သည့် ဆရာ ဆရာမများ အနက် အချို့သော ဆရာ ဆရာမများသည် မိမိတို့လုပ်ဆောင်ခဲ့သည့် မှားယွင်းသည့်လုပ်ရပ်များအပေါ် အသိတရားရရှိခဲ့ပြီး အေးချမ်းစွာနေထိုင်လိုသည့်အတွက် ကိုယ်တိုင်အသိတရားဖြင့် ပြန်လည်ဆက်သွယ်လာမှုများရှိရာ ထိုကဲ့သို့ သတင်းပို့ဆက်သွယ်လာသူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ် ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Kaung For You တရားမဝင်ပညာသင်ကြားမှုအစီအစဉ်တွင် ပါဝင်ခဲ့ရသည့် ဆရာ ဆရာမများအနေဖြင့် ဥပဒေဘောင်အတွင်း၌ အေးချမ်းစွာနေထိုင်ဖြတ်သန်းနိုင်ရေးနှင့် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးတို့အတွက် နိုင်ငံတော်မှ သဘောထားကြီးစွာဖြင့် ပြန်လည်လက်ခံပေးသွားမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဩဂုတ် ၇ ရက် နောက်ဆုံးထား၍ သက်ဆိုင်ရာ မြို့နယ်များရှိ စီမံအုပ်ချုပ်ရေးကောင်စီရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၂၈**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရခိုင်ပြည်နယ် သံတွဲမြို့ အမှတ်(၅)ရပ်ကွက်နေ ရွှန်းစန္ဒာ(ခ)ဒေးဒေးသည် ၎င်းအသုံးပြုသည့် “Day Day” Facebook အကောင့်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (၄)ရပ်ကွက်နေ ပြည့်စုံအောင်သည် ၎င်းအသုံးပြုသည့် “Pyae Sone Aung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက်နေ မြသက်မွန်သည် ၎င်းအသုံးပြုသည့် “Mya Thet Mon” Facebook အကောင့်နှင့် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကြောင်လျှာပြားကျေးရွာနေ ညာဏ်လင်းထွေး(ခ) ကိုလင်းသည် ၎င်းအသုံးပြုသည့် “Ko Linn” Facebook အကောင့်၊ မြောက်ဥက္ကလာပမြို့နယ်နေ မေသက်ပိုင်(ခ)ပြည့်ပြည့်သည် ၎င်းအသုံးပြုသည့် “Pyai Pyai” Facebook အကောင့်တို့သည် အသိပေးသတင်း ထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပန်းလှိုင်မြစ်အတွင်း ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကျော် ငါးမျိုးစိုက်ထည့်

**ရန်ကုန် ဇူလိုင် ၂၈**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် အမှတ်(၄)ရပ်ကွက် ကျွန်းငူကမ်းနားရှိ ပန်းလှိုင်မြစ်အတွင်းသို့ ယနေ့ နံနက်ပိုင်းက ငါးသားပေါက်ကောင်ရေ ခုနစ်သိန်းကျော်ကို ငါးမျိုးစိုက်ထည့်ကြသည်။

ငါးမျိုးစိုက်ထည့်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်၊ မြောက်ပိုင်းခရိုင်ဦးစီးမှူး ဦးလေးနိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ ရပ်ကွက်နေပြည်သူများက ပန်းလှိုင်မြစ်အတွင်းသို့ ထိုင်းငါးခုံးမငါးသားပေါက်ကောင်ရေ ၃၆၄၀၀၀၊ ငါးမြစ်ချင်း ငါးသားပေါက်ကောင်ရေ တစ်သိန်းနှင့် ရွှေဝါငါးကြင်း ငါးသားပေါက်ကောင်ရေ နှစ်သိန်းခွဲ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၇၁၄၀၀၀ ကို ငါးမျိုးစိုက်ထည့်ကြကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

**✻ CDM မှ**

ထိုသို့ သဘောထားထုတ်ပြန်ပြီးနောက်ပိုင်းတွင် နိုင်ငံတော်၏ လူသားအရင်းအမြစ်များ မလိုလားအပ်ဘဲ ဆုံးရှုံးမှုမရှိစေရေးအတွက် တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများကို ပြန်လည်ဖိတ်ခေါ်ရာတွင် ၃၁၅၆ ဦး၊ ရေးဖွင့်ထားသည့်အမှုများအား ပိတ်သိမ်းရန် ဆက်သွယ်လာသူ ၁၀၀၉ ဦး၊ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်သူများအနက်မှ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအား ပြန်လည်ဖိတ်ခေါ်ရာတွင် ၂၃၁ ဦး ပြန်လည်ဝင်ရောက်လာပြီးဖြစ်သည်။ အဆိုပါ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျလက်ခံပေးခြင်း၊ မိဘရပ်ထံ ပြန်လည်အပ်နှံခြင်းများ ဆောင်ရွက်ပေးလျက်ရှိခြင်းတို့ကြောင့် ယခုအခါတွင် ပြန်လည်ဝင်ရောက်လာသူများနှင့် ပြန်လည်ဝင်ရောက်လိုသူများ များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအား ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံဆက်သွယ် ဆောင်ရွက်နိုင်ရေး လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုလက်ခံနိုင်ရေး လုပ်ဆောင်ပေးလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအား နယ်စပ်ဒေသအသီးသီးတွင် ကြိုဆိုလက်ခံရေးစခန်းများ ဖွင့်လှစ်လက်ခံသကဲ့သို့ နီးစပ်ရာ မြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့ အသီးသီးတို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းများနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**✻ ကျောဖုံးမှ**

မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုပ်ယူခြင်း စသည့် နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ ဇူလိုင် ၂၇ ရက် နံနက် ၉ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် လက်ပန်ကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ အကြမ်းဖက်သမားများက မီးရှို့ထွက်ပြေးသွားခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်မီးငြိမ်းသတ်ခဲ့ရာ ၃၅ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့ပြီး မီးလောင်မှုကြောင့် ကျောင်းရုံးခန်းနှင့် စာကြည့်တိုက်တွဲလျက်အဆောက်အအုံအတွင်းရှိ စာရွက်စာတမ်းများ၊ ပြဋ္ဌာန်းစာအုပ်များ၊ သံဗီရိုတစ်လုံး၊ သစ်သားဗီရိုနှစ်လုံး၊ ဆုံလည်ကုလားထိုင်တစ်လုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့်လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၇-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၂၀ | ၁၈၇၀ | ၁၈၆၅ | ၁၈၃၀ | ၁၈၆၅ | ၁၈၉၀ | ၁၈၇၅ | ၁၈၅၅ | ၁၉၅၀ | ၁၉၆၅ | ၁၈၆၀ | ၁၈၇၀ | ၁၉၀၅ | ၁၉၀၅ | ၁၉၀၅ | ၂၁၂၅ | ၂၆၂၀ |
| 95 Ron | ၁၈၉၀ | ၁၉၃၅ | ၁၉၃၅ | ၁၉၀၀ | ၁၉၃၅ | ၁၉၅၅ | ၁၉၄၅ | ၁၉၂၀ | ၂၀၁၅ | ၂၀၃၀ | ၁၉၂၅ | ၁၉၄၅ | ၁၉၇၀ | ၁၉၇၀ | ၁၉၇၅ | ၂၁၉၅ | ၂၆၇၅ |
| HSD (500 ppm) | ၂၁၆၅ | ၂၂၁၀ | ၂၂၀၅ | ၂၁၇၅ | ၂၂၁၀ | ၂၂၃၀ | ၂၂၃၀ | ၂၁၉၅ | ၂၃၁၀ | ၂၃၀၅ | ၂၂၀၀ | ၂၂၁၀ | ၂၂၄၅ | ၂၂၄၅ | ၂၂၅၀ | ၂၄၇၀ | ၂၉၀၅ |
| HSD (50 ppm) | ၂၂၂၀ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၆၀ | ၂၂၇၀ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၂၅ | ၂၉၃၅ |
| HSD (10 ppm) | ၂၂၂၀ | ၂၂၇၀ | ၂၂၆၅ | ၂၂၃၀ | ၂၂၆၅ | ၂၂၉၀ | ၂၂၈၅ | ၂၂၅၅ | ၂၃၆၅ | ၂၃၆၀ | ၂၂၆၀ | ၂၂၇၀ | ၂၃၀၅ | ၂၃၀၅ | ၂၃၀၅ | ၂၅၂၅ | ၂၉၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၂၉ | ၁၇၉၇ |
| 95 Ron | ၁၇၉၅ | ၁၈၆၄ |
| HSD (500 ppm) | ၂၀၆၂ | ၂၁၃၂ |
| HSD (50 ppm) | ၂၁၁၇ | ၂၁၈၈ |
| HSD (10 ppm) | ၂၁၁၇ | ၂၁၈၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

○ အာဆီယံမှ

အုပ်စုပထမနေရာရ ယူနိုင်မည်ဖြစ်သည်။

လက်ရှိ မြန်မာ ယူ-၁၈ အမျိုးသမီးအသင်းနည်းပြချုပ် ဒေါ်သက်သက်ဝင်းသည် ဇူလိုင်လဆန်းတွင် အာဆီယံ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို ကိုင်တွယ်ခဲ့ပြီး ထိုစဉ်က အုပ်စုနောက်ဆုံးပွဲဖြစ်သည့် ဗီယက်နမ်နှင့်ပွဲတွင် ဆီမီးဖိုင်နယ်တက်ရောက်ပြီဖြစ်သောကြောင့် အမာခံကစားသမားအားလုံး အနားပေးကာ လူငယ်ကစားသမားများဖြင့် ယှဉ်ပြိုင်ခဲ့ဖူးသည်။ ယင်းပွဲတွင် မြန်မာအသင်းအနေဖြင့် ဗီယက်နမ်ကို ဂိုးပြတ်အရေးနိမ့်ခဲ့သော်လည်း တတိယလုပွဲ ပြန်လည်တွေ့ဆုံရာတွင် အမာခံကစားသမားအစုံအလင်ဖြင့် ယှဉ်ပြိုင်ရာ လေးဂိုး-သုံးဂိုးဖြင့် အနိုင်ယူကာ တတိယဆုရယူနိုင်ခဲ့သည်။

ထို့ကြောင့် ယနေ့ကစားမည့်ပွဲတွင် နည်းပြချုပ် ဒေါ်သက်သက်ဝင်း၏ နည်းဗျူဟာနှင့် ပွဲကြိုပြင်ဆင်မှုများကို စောင့်ကြည့်ရမည်ဖြစ်သည်။ အုပ်စု (ခ) နောက်ဆုံးပွဲအဖြစ် မြန်မာနှင့် ဩစတြေးလျ၊ မလေးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ ယနေ့ မြန်မာစံတော်ချိန် ညနေ ၃ နာရီတွင် တစ်ချိန်တည်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ သတင်း-ကိုညီလေး

ဓာတ်ပုံ-MFF

## ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှုဆောင်သစ်များ ရွေးချယ်

ပျဉ်းမနား ဇူလိုင် ၂၈

ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ခြင်းဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပျဉ်းမနားမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန(ပျဉ်းမနား)၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုနယ်မြေ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်သင်းသင်းဇင်က အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက ပြည်ထောင်စုနယ်မြေစာကြည့်တိုက်များဖောင်ဒေးရှင်း အမှုဆောင်သစ်များအား အဆိုပြုတင်သွင်းခြင်းနှင့် အတည်ပြုခြင်းဆိုင်ရာများကို ဆောင်ရွက်ကြသည်။

ယနေ့ကျင်းပသည့် အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ခြင်းဆိုင်ရာအစည်းအဝေးတွင် ပြည်ထောင်စုနယ်မြေ စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌအဖြစ် ဦးထွန်းထွန်းဝင်း(ကိုထွန်း-ကျယ်ဂေါင်)၊



ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူး တစ်ဦး၊ တွဲဖက်အတွင်းရေးမှူးနှစ်ဦး၊ ဘဏ္ဍာရေးမှူးတစ်ဦး၊ တွဲဖက်ဘဏ္ဍာရေးမှူးတစ်ဦး၊ စာရင်းစစ်မှူးတစ်ဦးနှင့် တွဲဖက်စာရင်းစစ်မှူးတစ်ဦးတို့ကို အတည်ပြုရွေးချယ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဖျာပုံမြို့၌ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုလျော့ကျစေရေး အသိပညာပေးဟောပြောပွဲ ပြုလုပ်



ဖျာပုံ ဇူလိုင် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဦးဆောင်၍ ဖျာပုံမြို့ အမှတ်(၁၉)ရပ်ကွက် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း၌ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုလျော့ကျစေရေးအမှိုက်အကြောင်းသိကောင်းစရာ အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

**ဖြန့်ဝေပေး**

အဆိုပါအသိပညာပေးဟောပြောပွဲတွင် ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်ဇင်ဦးက ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့အသုံးပြုပြီးသော အမှိုက်များကို စနစ်တကျ စွန့်ပစ်တတ်စေရန်နှင့် ကျောင်းပတ်ဝန်းကျင်ရှိ အမှိုက်များအား စနစ်တကျရှင်းလင်းစွန့်ပစ်ခြင်းဖြင့် သွေးလွန်တုပ်ကွေးရောဂါ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ပလိပ်ရောဂါအပါအဝင် အမှိုက်နှင့်ဆက်စပ်နေသည့် ကြွက်၊ ခြင်၊ ယင်များကြောင့် ဖြစ်ပွားတတ်သည့် ရောဂါများမှ ကြိုတင်ကာကွယ်ရာရောက်ကြောင်း ဆွေးနွေးဟောပြောပြီး ဖျာပုံခရိုင်တိုင်းရင်းဆေးပညာဦးစီးဌာန ခရိုင်တိုင်းရင်းဆေးမှူး ဒေါ်ဇင်ဝင်းမာက မိုးရာသီတွင် ဖြစ်ပွားတတ်သော ရာသီတုပ်ကွေးရောဂါနှင့် နီးနွယ်နေသည့် ကျန်းမာရေးအသိပညာအကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် ပြည်သူများပူးပေါင်းပါဝင်သော အမှိုက်သိမ်းစနစ် ဖြစ်ပေါ်လာစေရေး အသိပညာပေးလက်ကမ်းစာစောင် ၅၀၀ အား ကျောင်းသား ကျောင်းသူများသို့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ ၂၀၇

# ဖွံ့ဖြိုးဝေစည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆီ

ဒေါက်တာတင်မာမာဦး

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် မြန်မာနိုင်ငံ၏ အနောက်မြောက်ဘက်တွင်တည်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး၏ တစ်ခုတည်းသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသလည်းဖြစ်သည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် လဟယ်မြို့နယ်၊ လေရှီးမြို့နယ်၊ နန်းယွန်းမြို့နယ်နှင့် ထန်ပါခွေ၊ ဆွမ္မရာ၊ ပန်ဆောင်၊ ဒုံဟီးမြို့များပါဝင်ပြီး ကျေးရွာအုပ်စု ၁၁၆ အုပ်စု၊ ကျေးရွာပေါင်း ၂၆၆ ရွာတို့ဖြင့် လူဦးရေ ၁၃၇၈၆၁ ဦး နေထိုင်လျက်ရှိသည်။



၂၀၂၂ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့က နန့်စလိန်တံတားဖွင့်ပွဲကျင်းပစဉ်။

## နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်

နာဂဒေသသည် တောင်ကုန်းတောင်တန်းများ ထူထပ်ပေါများကာ မြေပြန့်ဒေသ နည်းပါးပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲကာ ဒေသခံများအနေဖြင့်လည်း တောင်ယာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကစီးပွားရေးလုပ်ငန်းအဖြစ် လုပ်ကိုင်ခဲ့ကြသဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသများအနက် ဖွံ့ဖြိုးတိုးတက်မှု နည်းပါးခဲ့သောဒေသ ဖြစ်ခဲ့ရသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်အရ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်း၍ နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရေး၊ နယ်စပ်ဒေသတွင် နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူမျိုးများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးစေရေးဟူသော မူဝါဒ(၄)ရပ်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံအဝှမ်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သော လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းနှင့် ဘက်စုံ၊ ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုလည်း တစ်နိုင်ငံလုံး အကြားအလပ်မရှိ စနစ်တကျ အစီအမံများချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ "အကြောင်းအမျိုးမျိုးကြောင့် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ရသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြည်နယ်ပြည်မ အကြားအလပ်မရှိစေရေး အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ပေးရန်" ရည်မှန်းချက်ကိုလည်း ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

## အခြေခံအဆောက်အအုံများ တည်ဆောက်

စစ်ကိုင်းတိုင်းဒေသကြီး အတွင်း နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဒေသဖွံ့ဖြိုးမှုနည်းပါးသည့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိဒေသခံ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးလာစေရေးအတွက် အခြေခံအဆောက်အအုံများဖြစ်သည့် လမ်းသစ်များဖောက်လုပ်ခြင်း၊ တံတားများ တည်ဆောက်ပေးခြင်းနှင့် တည်ဆောက်ပြီး လမ်း၊ တံတားများအား အဆင့်မြှင့်တင်ပေးခြင်းများအား ဆောင်ရွက်ပေးလျက်ရှိသည်။

အထက်ချင်းတွင်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ချင်းတွင်း မြစ်ကူးတံတားကြီးများဖြစ်သော ချင်းတွင်းတံတား (ကလေးဝ)၊ ချင်းတွင်းတံတား(ဟုမ္မလင်း) နှင့် ချင်းတွင်းတံတား (ခန္တီး)တို့အား အချိန်တိုအတွင်းပြီးစီးအောင် တည်ဆောက်ပေးခဲ့ပြီး ယခုလက်ရှိတွင်လည်း ချင်းတွင်းတံတား (ထမံသီ) အား တည်ဆောက်ပေးလျက်ရှိရာ အဆိုပါတံတား ပြီးစီးသွားပါက ချင်းတွင်းမြစ် အရှေ့ဘက်ကမ်းရှိ ခန္တီး၊ ဟုမ္မလင်း၊ ဖောင်းပြင်မြို့များနှင့် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ လေရှီး၊ ဆွမ္မရာဒေသမှ ဒေသခံပြည်သူများ ခရီးသွားလာမှု မြန်ဆန်ကောင်းမွန်ပြီး မိမိသွားလိုသည့် ဒေသများသို့ အချိန်တိုအတွင်း ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် လွယ်လင့်တကူသွားလာနိုင်တော့မည်ဖြစ်သည်။

## နန့်စလိမ်ချောင်းတံတား

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ ဝင်ပေါက်ဖြစ်သည့် ခန္တီးမြို့နယ် ခန္တီး-ဆင်သေ- လဟယ်လမ်းပေါ်ရှိ တံတားအရှည် ၃၃၀ ဒသမ ၄၅ ပေ၊ တံတားအကျယ် ၃၀ ဒသမ ၅ ပေ၊ တံတားကင်းလွတ် အမြင့် သုံးပေ၊ တံတားခံနိုင်ဝန် တန် ၆၀ ရှိသည့် နန့်စလိမ်ချောင်းတံတားကိုလည်း ၂၀၂၂ ခုနှစ် ဇူလိုင်လ ၂ရက်နေ့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်သည်။

နာဂ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၁၉၉၄-၁၉၉၅ ခုနှစ် ဘဏ္ဍာနှစ်မှစတင်၍ ဒေသအကျယ်အဝန်း ၅၁၆၈ ဒသမ ၁၉၉ စတုရန်းမိုင်အတွင်း ဖြန့်ကြက်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှစတင်၍ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတွင် ပြည်ထောင်စုရန်ပုံငွေကျပ် ၅၆၈၃ ဒသမ ၃၀၁ သန်းနှင့် တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၇၈၇၄ ဒသမ ၈၇ သန်း စုစုပေါင်းငွေကျပ် ၁၃၅၅၈ ဒသမ ၁၇၁ သန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် အိန္ဒိယသမ္မတနိုင်ငံ အကူအညီဖြင့်လည်း လမ်းတံတားဖောက်လုပ်တည်ဆောက် ခြင်း၊ စာသင်ကျောင်းများ၊ ကျေးလက်ကျန်းမာရေးဌာနခွဲများ ဆောက်လုပ်ခြင်း စသည့်လုပ်ငန်းပေါင်း ၈၉ ခုအတွက် ထောက်ပံ့ငွေကျပ် ၁၄၅၆၆ ဒသမ ၇၄၂ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

လေရှီးမြို့နယ်၊ လဟယ်မြို့နယ်၊ နန်းယွန်းမြို့နယ်တို့တွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုရန်ပုံငွေနှင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ တိုင်းဒေသကြီးရန်ပုံငွေတို့ဖြင့် ဘဏ္ဍာနှစ်အလိုက် လမ်း/တံတားလုပ်ငန်း၊ ရေရရှိရေးလုပ်ငန်း၊ လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ သာသနာရေးလုပ်ငန်းနှင့် ငြိမ်းချမ်းရေးအတွက် တည်ဆောက်မှုလုပ်ငန်းများအား အဓိကထား၍ တည်ဆောက်ပေးလျက်ရှိရာ လောင်ငေါက်- ထန်ပါခွေလမ်း၊ ထန်ပါခွေ- တာမောင်- မခွါလယ်လမ်း၊ ဟွေကွန်- စစ်ဖောင်- ကျွန်းခေါင်လမ်း၊ ဆင်သေ - လဟယ် ၄၉ မိုင် လမ်းခွဲမှ ဆွပ္ပလော်ရှောင် - ကုန်းလမ်း - ထုံစံ-ကျွန်းခေါင်လမ်း၊ ကုန်းလမ်း - ဟွေကွန်လမ်း၊ ဆင်သေ -လဟယ် - ၁၈ မိုင်လမ်းခွဲမှ ကုန်းခေါင် - ပါဆောင် - ပါရှိုး -ထန်ပါခွေလမ်း - တိုက်ရုံ - မော်ဖွန် - မွန်တုံးညို - ယမ်းကြုံးလမ်း၊ တိုက်ရုံ - ခမ္မလား -ထန်ခေါ်နောက်ကုန်း -ဟန်ဆင်လမ်း၊ လဟယ်-ခါးလယ်-နန့်ဖုတ်ချောင်း - မကော်ရိန်လမ်း၊ လဟယ် - တိုက်ရုံ - ပုံညို - ဝေလံလမ်း၊ လန်ထိန်လမ်းခွဲ - တွေးထွေနောက်ကျော - လောင်ဂီ - ယမ်းကြုံး- ဂမ်းညရွာဟောင်း- လုံဝသိခ်လမ်း၊ လဟယ် - ဟွေထိုက် - ပုံညိုနောက်အင်းလမ်း၊ လဟယ်- ဒုံဟီးလမ်းနှင့်

စာမျက်နှာ ၁၈ သို့



၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၅ ရက်က နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကျင်းပစဉ်။

> **ဒေသခံများအား မွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင်နိုင်ရေးအတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နွားနောက် ၅၀၁၇ ကောင်၊ ကျွဲ ၇၁၁၂ ကောင်၊ နွား ၉၆၉၂ ကောင်၊ ဆိတ် ၄၉၄၄ ကောင်၊ ဝက် ၅၁၅၉၇ ကောင်၊ ကြက် ၂၅၅၀၇၀ နှင့် ဘဲကောင်ရေ ၃၂၆၄၀ ကို မွေးမြူနိုင်ရေး ဆောင်ရွက်ထားသကဲ့သို့ မွေးမြူထားသည့် တိရစ္ဆာန်များကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကာကွယ်ဆေးများထိုးနှံပေးခြင်းနှင့် တိရစ္ဆာန်အစာအဖြစ် နေပီယာမြက်များ စမ်းသပ်စိုက်ပျိုးပေးခြင်းများ ဆောင်ရွက်**

# မြန်မာနိုင်ငံအတွင်းရှိ ရဟန်းသံဃာတော်များနှင့် ပြည်သူများ ပါကစ္စတန်နိုင်ငံရှိ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားသောဒေသများသို့ သွားရောက်နိုင်

ရန်ကုန်  ဇူလိုင်  ၂၈

မြန်မာနိုင်ငံအတွင်းရှိ ရဟန်းသံဃာတော်များနှင့် ပြည်သူများ အနေဖြင့် ပါကစ္စတန်နိုင်ငံရှိ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားသောဒေသများသို့ သွားရောက်လည်ပတ်ကြရာတွင် အဆင်ပြေလွယ်ကူချောမွေ့စွာ သွားရောက်နိုင်ကြစေရန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးမှသိရသည်။




## ပြောကြား

ပါကစ္စတန်နိုင်ငံအတွင်းရှိ ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဇူလိုင် ၂၇ ရက်တွင် Wyndham Grand Yangon Hotel ၌ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးက Tourism Potential of PAKISTAN အမည်ဖြင့် ကျင်းပပြုလုပ်သော ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆိုင်ရာမိတ်ဆက်ပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးမှ စစ်သံမှူး ဗိုလ်မှူးကြီး အင်မရန်းခန်းမ်က ယင်းကဲ့သို ပြောကြားခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်နိုင်ငံ၌ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားရာ သမိုင်းဝင်ဒေသများစွာ တည်ရှိပြီး အရောင်အသွေး စုံလင်လှသည့် ရှေးဟောင်းသမိုင်းဝင်အဆောက်အအုံများစွာကို လေ့လာနိုင်ကြစေရန် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူများကို ဖိတ်ခေါ်ခြင်းဖြစ်ကြောင်း၊ ပါကစ္စတန်နိုင်ငံအတွင်း၌ ရှေးဟောင်းသာသနိကအဆောက်အအုံများစွာ ရှိသော ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရာ မြို့သုံးမြို့ဖြစ်သည့် Peshawar၊ Talsar နှင့် Pashawaer မြို့တို့ ရှိကြောင်း၊ Talsar မြို့၌ လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀၀ ကျော်ကတည်းက တည်ရှိခဲ့သော ရှေးဟောင်းဗုဒ္ဓဘာသာတက္ကသိုလ်နှင့် ရှေးဟောင်းအမွေအနှစ်များစွာရှိနေကြောင်း၊ နိုင်ငံအတွင်းရှိ အစားအသောက်ဆိုင်ရာ ခရီးသွားလုပ်ငန်း၊ ယဉ်ကျေးမှုဆိုင်ရာ ခရီးသွားလုပ်ငန်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် စိုက်ပျိုးရေးအခြေခံ ခရီးသွား လုပ်ငန်းများကို လာရောက်ကြည့်ရှု လေ့လာလည်ပတ်နိုင်ကြစေရန် အတွက် ဖိတ်ခေါ်သည့်အနေဖြင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ဆိုင်ရာ မိတ်ဆက်ပွဲကို ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း သိရသည်။

"လက်ရှိ ကပ်ရောဂါကျဆင်းလာတာမို့ နိုင်ငံအတွင်းက အထင်ကရနေရာတွေကို နိုင်ငံအသီးသီးက ရဟန်းသံဃာတော်တွေ သွားရောက်ကြမယ်ဆိုပါက သံရုံးအနေနဲ့ တစ်ပတ်တာကာလအတွင်း အလည်အပတ်ဗီဇာရရှိစေရန် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်၊ ရဟန်းသံဃာတော်တွေ အနေနဲ့လေယာဉ်လက်မှတ်ခနွှန်းထားသာ ကုန်ကျမှာဖြစ်ပြီး ပါကစ္စတန်နိုင်ငံကို ရောက်ရှိတဲ့အခါမှာလည်း သွားရောက်မယ့် ခရီးစဉ်နဲ့ အခြားလိုအပ်တဲ့ Package Tour များကို သံရုံးအနေနဲ့ စီစဉ်ဆောင်ရွက်ပေးမှာဖြစ်ပါတယ်၊ အခြားမည်သည့်လူမျိုးဘာသာဝင်မဆို သွားရောက်လည်ပတ်ကြမယ်ဆိုရင်လည်း သံရုံးအနေနဲ့ တစ်ပတ်တာကာလအတွင်း အလည်အပတ်ဗီဇာရရှိစေဖို့ ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ၎င်းက ပြောသည်။

## လာရောက်လေ့လာ

လက်ရှိ အနေအထားအရ ပါကစ္စတန်နိုင်ငံရှိ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားရာ သမိုင်းဝင်ဒေသများရှိ ရှေးဟောင်းဘုရားစေတီများနှင့် အဆောက်အအုံများသို့ တစ်နှစ်လျှင် ကမ္ဘာ့နိုင်ငံအသီးသီးမှ ရဟန်းသံဃာတော်အပါး လေးသောင်းကျော် လာရောက် ဖူးမြော်လေ့လာကြကြောင်းလည်း သိရသည်။

**သတင်း- ပွင့်သစ္စာ**
**ဓာတ်ပုံ- စိုးမြင့်အောင်**

■

# ရွှေသွေးဂျာနယ်ထွက်ရှိ

နေပြည်တော်  ဇူလိုင်  ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၃၀ - ၇ - ၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၄)၊ အမှတ် (၃၁) တွင် စကားပြောဆိုရာ၌ ချိုသာယဉ်ကျေးစွာနှင့် နားဝင်ချိုအောင် ပြောဆိုသင့်ကြောင်း တင်ဆက်ထားသည့် "နှုတ်ချိုသျှိုတစ်ပါး" မျက်နှာဖုံးကာတွန်း၊ ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "အောက်ဆီဂျင်ရရှိသော အစားအစာများ" သုတဆောင်းပါး၊ ကျေးဇူးရှင်ကို မပြစ်မှားမိသင့်ကြောင်းကို တင်ဆက်ထားသည့် "နဂါးမကြောက်သူ" နှစ်မျက်နှာကာတွန်း၊ ကျောင်းတက်မှန်လျှင် စာမခက်သည့်အကြောင်း သရုပ်ဖော်ထားသည့် "ကျောင်းမှန်မှန်တက်စာမခက်" တစ်မျက်နှာကာတွန်း၊ ရုပ်ဆိုးသော်လည်း ကူညီတတ်သော ယုန်ကလေးအကြောင်း တင်ဆက်ထားသည့် "ရုပ်ဆိုးလေး" နှစ်မျက်နှာကာတွန်း၊ သူများပြောစကားများကို ကြားရုံနဲ့မယုံမိစေရန် တင်ဆက်ထားသည့် "စကား" နှစ်မျက်နှာကာတွန်း၊ ချွေတာစုဆောင်းရင်းနဲ့ သူဌေးဖြစ်သွားသည့်အကြောင်း တင်ဆက်ထားသည့် "ဖိုးတစ်တို" မျက်နှာဝက်ကာတွန်း၊ အင်္ဂလိပ်စာသင်ခန်းစာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ဝတ္ထုကဏ္ဍ၊ ပုံပြင်ကဏ္ဍနှင့် ကဗျာကဏ္ဍတို့အပါအဝင် ကဏ္ဍစုံလင်စွာ ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**




❍ စာမျက်နှာ ၁၇ မှ

လဟယ်- လေရှီးမြို့နယ်ချင်းဆက်လမ်းပေါ်ရှိ ပါတွန် - စိန်ကြာညှ- စိန်လာ-ဆားလင်လမ်းများ၊ နန်းယွန်း- ပန်ဆောင်လမ်း၊ ပန်ဆောင်မြို့- နောင်ယန်း အင်းပတ်လမ်းများကို ဖောက်လုပ်ပေးခြင်း၊ ပန်ဆောင်မြို့၏ သောက်သုံးရေ ရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ကွန်ကရစ်တံတားများ၊ ဘေလီတံတားများ ဆောက်လုပ်ပေးခြင်း၊ စိုက်ပျိုးရေသွယ်တန်းခြင်း၊ ဒေသခံများ၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ တိုးတက်စေရေးအတွက် စာသင်ကျောင်းများ၊ ဝန်ထမ်းနေအိမ်များနှင့် ကျန်းမာရေးဆေးပေးခန်းများ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။




နာဂဒေသအတွင်းရှိ ဆောက်လုပ်ထားသည့် စာသင်ကျောင်း။

## ထောက်ပံ့မှုများဆောင်ရွက်

နာဂလူမျိုးများ အထွတ်အမြတ်ထားကျင်းပသည့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်နေ့ နာဂရိုးရာနှစ်သစ်ကူးပွဲတော်သို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တာဝန်ရှိသူများ ကိုယ်တိုင်တက်ရောက် အားပေးချီးမြှင့်ခဲ့ကြပြီး နာဂဒေသအား ဘက်စုံ၊ ကဏ္ဍစုံမှ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်စေရေး အတွက် ထောက်ပံ့မှုများ ဆောင်ရွက်ခဲ့ရာ ၂၀၁၆ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ ငွေကျပ် ၁၃၂၃ ဒသမ ၀၂၇ သန်း တန်ဖိုးရှိ ဆန်အိတ်၊ သွပ်၊ ဆိုလာမီး၊ စောင်နှင့် ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများအား ထောက်ပံ့ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ်၏ ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့ နန်းယွန်းမြို့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား သွားရောက်စစ်ဆေးခဲ့သည့် ခရီးစဉ်တွင် ဒေသခံများအတွက် အခြေခံစားသောက်ကုန်ဖြစ်သည့် ဆန်အိတ် ၅၀၀ နှင့် တစ်အိမ်သုံးဆိုလာအစုံ ၂၀၀ ကိုလည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနက ပေးအပ်သည့် ဆန်အိတ် ၈၅၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၏ ၂၀၂၂ ခုနှစ် ဇွန်လ ၂၉ ရက်နေ့ နာဂဒေသဖွံ့ဖြိုးရေးခရီးစဉ်တွင်လည်း ဆန်အိတ် ၁၀၀၊ တစ်အိမ်သုံးဆိုလာအစုံ ၁၀၀၊ ကျောင်းသုံးဗလာစာအုပ်ဒါဇင် ၃၀၀နှင့် ကျောင်းဝတ်စုံအစုံ ၃၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဒေသခံတောင်သူလယ်သမားများအတွက် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ်အတွင်း လဟယ်မြို့နယ်တွင် အဆင့်မြင့်လယ်ယာမြေဧက ၃၀ နှင့် လှေကားထစ် လယ်ယာမြေ ၁၅ ဧက ကို ဖော်ထုတ်ပေးခဲ့သည့်အပြင် ယခုနှစ်တွင် လဟယ်မြို့ မျက်နှာစာ အရှေ့ဘက်ခြမ်းရှိ တောင်ကုန်းများတွင် တောင်စောင်း စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးရန် ၁၀ ဧကကို တိုးချဲ့ ဖော်ဆောင်ပြီးဖြစ်၍ လဟယ်မြို့နယ် တိုက်ရုံကျေးရွာတွင် ကုန်းမြင့်လယ်ယာဧက ၃၀၀ ထပ်မံဖော်ထုတ်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိသကဲ့သို့ စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့်လည်း မျိုးစေ့များ၊ ပျိုးပင်များ ထောက်ပံ့ပေးအပ်ခြင်းနှင့် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ခြင်းကြောင့် ဒေသ၏ လယ်ယာကဏ္ဍသည်လည်း တိုးတက်လာပေဦးမည်ဖြစ်သည်။

## နေဗီယာမြက်များ စမ်းသပ်စိုက်ပျိုး

ဒေသခံများအား မွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင်နိုင်ရေးအတွက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း နွားနောက် ၅၀၁၇ ကောင်၊ ကျွဲ ၇၁၁၂ ကောင်၊ နွား ၉၆၉၂ ကောင်၊ ဆိတ် ၄၉၄၄ ကောင်၊ ဝက် ၅၁၅၉၇ ကောင်၊ ကြက် ၂၅၅၀၇၀ နှင့် ဘဲကောင်ရေ ၃၂၆၄၀ ကို မွေးမြူနိုင်ရေး ဆောင်ရွက်ထားသကဲ့သို့ မွေးမြူထားသည့် တိရစ္ဆာန်များကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် တိရစ္ဆာန်အစာအဖြစ် နေဗီယာမြက်များ စမ်းသပ်စိုက်ပျိုးပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်းပန်းဆက်သွယ်ရေးကို အရှိန်မြှင့် ဆောင်ရွက်ပေးမှုကြောင့် သွားလာဆက်သွယ်ရေး လွယ်ကူသွားသည့်အတွက် နာဂသွေးချင်းများ၏ အဓိက အလုပ်အကိုင် အသက်မွေးဝမ်းကျောင်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်တော့မည်ဖြစ်သကဲ့သို့ ထွက်ရှိလာသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထွက်ကုန်များကိုလည်း လေရှီး-လဟယ်- ခန္တီးလမ်းမှတစ်ဆင့် မြေပြန့်ဒေသများသို့ အလွယ်တကူ တင်ပို့ရောင်းချနိုင်ခြင်းဖြင့် စီးပွားရေးကွင်းဆက် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန် လိုအပ်လျက်ရှိသည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား နိုင်ငံတော်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဘက်ပေါင်းစုံမှ စဉ်ဆက်မပြတ် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအနေဖြင့် ရာသီမရွေး၊ အချိန်အခါမရွေး သွားလာရေးလွယ်ကူကာ ဒေသကုန်စည်စီးဆင်းမှုများ မြန်ဆန်ပြီး မြေပြန့်ဒေသများနည်းတူ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။



## နောက်ခံလူ လီဆန်ဒရိုမာတီနက်ဇ်ကို ပေါင် ၅၇ သန်းဖြင့် မန်ယူအသင်း ခေါ်ယူ

မန်ယူအသင်းဟာ နယ်သာလန်ကလပ် အေဂျက်အသင်းမှ အာဂျင်တီးနား နောက်တန်းကစားသမား လီဆန်ဒရိုမာတီနက်ဇ်ကို ပြောင်းရွှေ့ကြေးပေါင် ၅၇ သန်း(ယူရို ၆၇ သန်း)နဲ့ အပြီးသတ် စာချုပ်ချုပ်နိုင်ခဲ့ပြီဖြစ်တယ်လို့ သိရပါတယ်။

နည်းပြအဲရစ်တန်ဟက်ဟာ အသက် ၂၄ နှစ်အရွယ်ရှိ နောက်တန်းကစားသမား လီဆန်ဒရိုမာတီနက်ဇ်ကို ၂၀၁၉ ခုနှစ်အတွင်းက အေဂျက်အသင်းအတွက် ခေါ်ယူခဲ့တာဖြစ်ပြီး လက်ရှိမန်ယူအသင်းနည်းပြဖြစ်လာချိန်မှာ လီဆန်ဒရိုမာတီနက်ဇ်ကို အိုးထရက်ဖို့ဒ်မှာ ပြန်လည်ပေါင်းစည်းဖို့ စီစဉ်လာခဲ့တာဖြစ်ပါတယ်။

နောက်တန်းကစားသမား လီဆန်ဒရိုမာတီနက်ဇ်ဟာ နောက်ထပ်တစ်နှစ်စာချုပ်သက်တမ်း တိုးခွင့်ရရှိနိုင်မယ့် အခွင့်အရေးနဲ့အတူ ၂၀၂၇ ခုနှစ်အထိ အိုးထရက်ဖို့ဒ်မှာ ဆက်ရှိနေမယ့် ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ်ကို ချုပ်ဆိုခဲ့တာလည်း ဖြစ်ပါတယ်။

လီဆန်ဒရိုမာတီနက်ဇ်ဟာ အေဂျက်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၁၂၀ အထိ ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး အာဂျင်တီးနားနိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ၂၀၁၉ ခုနှစ် မတ်လမှာ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့ရာ လက်ရှိအချိန်မှာ နိုင်ငံအသင်းအတွက် ခုနစ်ပွဲ ပါဝင်ကစားပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။



## ယူရို ၂၀၂၂ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ဂျာမနီအသင်းနဲ့ အင်္ဂလန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံ

ဂျာမနီအမျိုးသမီးအသင်းနဲ့ ပြင်သစ်အမျိုးသမီးအသင်းတို့ ဇူလိုင် ၂၇ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ယူရို ၂၀၂၂ အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်မှာ ဂျာမနီအမျိုးသမီးအသင်းက ပြင်သစ်အမျိုးသမီးအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် ဂျာမနီအသင်းဟာ ယူရို ၂၀၂၂ အမျိုးသမီးဘောလုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့ပြီဖြစ်ပါတယ်။

အဲဒီပွဲစဉ်မှာ ဂျာမနီအမျိုးသမီးအသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပေါ့ပ်က ပွဲကစားချိန် မိနစ် ၄၀ နဲ့ ၇၆ မိနစ်တို့မှာ နှစ်ဂိုးသွင်းယူပေးခဲ့တာဖြစ်ပြီး ပြင်သစ်အမျိုးသမီးအသင်းအတွက် ချေပဂိုးတစ်ဂိုးကိုတော့ ပွဲကစားချိန် ၄၄ မိနစ်မှာ ဂျာမနီကစားသမား ဖရွှမ့်ရဲ့ ကိုယ့်ဂိုးကိုယ်သွင်းမိသလိုဖြစ်ခဲ့တဲ့သွင်းဂိုးကြောင့် ချေပဂိုးရရှိခဲ့တာ ဖြစ်ပါတယ်။

ယူရိုပြိုင်ပွဲတွေမှာ ရှစ်ကြိမ်အထိ ချန်ပီယံဖြစ်ထားတဲ့ ဂျာမနီအမျိုးသမီးအသင်းဟာ ယခု ယူရို ၂၀၂၂ အမျိုးသမီးနောက်ဆုံးဗိုလ်လုပွဲမှာ အင်္ဂလန်အမျိုးသမီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အင်္ဂလန်အမျိုးသမီးအသင်းဟာ ဆီမီးဖိုင်နယ်အဆင့်မှာ ဆွီဒင်အမျိုးသမီးအသင်းကို လေးဂိုးပြတ်နဲ့ အနိုင်ရရှိကာ နောက်ဆုံးဗိုလ်လုပွဲကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်



## အမေရိကန်အိုးပင်းတင်းနစ်ချန်ပီယံဆုဖလားကို ကာကွယ်ဖို့ ရုရှားနည်းပြ ဒီမီထရီတာဆူနော့ဗ်နဲ့ လေ့ကျင့်မယ့် အမ်မာရာဒူကာနူ

လက်ရှိအမေရိကန်အမျိုးသမီးတစ်ဦးချင်းတင်းနစ်ချန်ပီယံ အမ်မာရာဒူကာနူဟာ လာမယ့်လအတွင်းမှာ ကျင်းပမယ့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ချန်ပီယံဆုဖလားကို ကာကွယ်နိုင်ဖို့ ရုရှားနည်းပြ ဒီမီထရီတာဆူနော့ဗ်နဲ့ လေ့ကျင့်မှုတွေ ပြုလုပ်သွားမှာဖြစ်တယ်လို့ သိရပါတယ်။

တာဆူနော့ဗ်ဟာ ကမ္ဘာ့အမျိုးသားတင်းနစ်လောကရဲ့ အဆင့်(၂၀)နေရာမှာ ရပ်တည်ခဲ့ဖူးတဲ့ တင်းနစ်ကစားသမားဟောင်းတစ်ဦးဖြစ်ပြီး ၂၀၁၇ ခုနှစ်အတွင်းက တင်းနစ်လောကကနေ အနားယူခဲ့တာဖြစ်ပါတယ်။


အမေရိကန်တင်းနစ်မယ် အမ်မာရာဒူကာနူဟာ နယူးယောက်မြို့မှာ ကျင်းပမယ့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲမှာ ဝင်ရောက်မယှဉ်ပြိုင်မီအတွင်း ကနေဒါအိုးပင်းနဲ့ စင်စင်နတီပြိုင်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်ကစားဖို့ ရှိနေတယ်လို့ သိရပါတယ်။

## မကျေပွဲပြန်လည်ထိုးသတ်ဖို့ နီးစပ်လာပြီဖြစ်တဲ့ ဖလွိုက်မေဝယ်သာနဲ့ မက်ဂရီဂေါ်

အမေရိကန် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား ဖလွိုက်မေဝယ်သာနဲ့ အိုင်ယာလန်လက်ဝှေ့ကျော် မက်ဂရီဂေါ်တို့ဟာ မကျေပွဲပြန်လည်ထိုးသတ်ဖို့ နီးစပ်နေပြီဖြစ်ပြီး အဲဒီပြိုင်ပွဲအတွက် ပေါင်သန်း ၁၃၀ တန်ဖိုးရှိ သဘောတူညီချက်တစ်ရပ်ချုပ်ဆိုဖို့လည်း နီးစပ်နေပြီဖြစ်တယ်လို့ သိရပါတယ်။

ဖလွိုက်မေဝယ်သာနဲ့ မက်ဂရီဂေါ်တို့ဟာ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက လက်စ်ဗီးဂတ်မှာ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြတာဖြစ်ပြီး အဲဒီပြိုင်ပွဲဟာ ၁၀ ချီထိုးသတ်တဲ့ပြိုင်ပွဲဖြစ်ကာ ဖလွိုက်မေဝယ်သာက မက်ဂရီဂေါ်ကို အလဲထိုးနိုင်ပွဲရရှိခဲ့တာ ဖြစ်ပါတယ်။

လက်ရှိမှာတော့ မက်ဂရီဂေါ်က ဖလွိုက်မေဝယ်သာနဲ့ မကျေပွဲပြန်လည်ထိုးသတ်ဖို့ ဆန္ဒရှိနေတယ်လို့ သည်ဆန်းသတင်းဌာနက ယနေ့မှာ သတင်းထုတ်ပြန်ခဲ့တာ ဖြစ်ပါတယ်။ ဖလွိုက်မေဝယ်သာဟာ အိုင်ယာလန်လက်ဝှေ့သမား မက်ဂရီဂေါ်ကို အနိုင်ရရှိခဲ့ပြီးကတည်းက မည်သည့်ပရော်ဖက်ရှင်နယ်လက်ဝှေ့ပြိုင်ပွဲကိုမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိခဲ့တာဖြစ်ပါတယ်။ ■



### ဘောလုံးလောကသတင်းတိုများ

- *စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းဟာ ချယ်လ်ဆီးအသင်းမှ စပိန်နောက်တန်း ကစားသမားနှစ်ဦးဖြစ်တဲ့ အက်ပလီကူနာနဲ့ မားကို့စ်အလွန်ဆိုတို့ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။*
- *မန်ယူအသင်းက ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ ဘာစီလိုနာတိုက်စစ်မှူး ဖရန့်ကီဒီဂျောင်ဟာ မန်ယူအသင်းဆီ ပြောင်းရွှေ့ကြေးပေါင် ၆၃ သန်းနဲ့ ပြောင်းရွှေ့ကစားဖို့ သဘောတူညီထားပေမယ့် အခုနွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားမှာ မဟုတ်ဘူးလို့ ပြောကြားခဲ့ပါတယ်။*
- *ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား ပေါ့ဘာဟာ ဒူးဒဏ်ရာပြဿနာကြုံတွေ့ခဲ့တာကြောင့် ၂၀၂၂ ကာတာကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပြင်သစ်အသင်းနဲ့အတူ ပါဝင်ကစားနိုင်မှာမဟုတ်ဘဲ လွဲချော်ရဖို့ ရှိနေတယ်လို့ သိရပါတယ်။*
- *အီတလီစီးရီးအေကလပ် ရိုးမားအသင်းဟာ ပြင်သစ်ပထမတန်းကလပ် ပီအက်စ်ဂျီအသင်းမှ နယ်သာလန် ကွင်းလယ်ကစားသမား ဝစ်ဂျ်နယ်ဒမ်အား ခေါ်ယူဖို့ ဆွေးနွေးမှုတွေ ပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။*

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

"ဟုတ်တယ်၊ ဒါပဲဖြစ်မှာပါ"

ဗိုလ်မှူးညိုထွန်းက ဒေါ်ရေနံ့သာခင်ခင်ကြီး၏စကားကို သံယောင်လိုက်၍ဆိုသည်။

လေယာဉ်သည် တစ်စထက်တစ်စ ပီသလာသည်။ လေယာဉ်ကိုယ်ကို နေရောင်ဟပ်ကာ သတ္တုပြားကလေး လေထဲမှာလွင့်မြောနေသလိုရှိသည်။

"အစ်ကိုထွန်း"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ လက်တစ်ဖက်သည် ဗိုလ်မှူးညိုထွန်း၏လက်ကို ဆုပ်ကိုင်လာသည်။ စင်စစ် ဗိုလ်မှူးညိုထွန်းအား မှီတွဲအားယူလိုက်ခြင်းဖြစ်သည်။ သို့မဟုတ်လျှင်မူ ဝမ်းသာမှုအရှိန်အဟုန်ကြောင့် ပြိုလဲသွားနိုင်သည်။ ဗိုလ်မှူးညိုထွန်းက လက်ကိုဆွဲယူကာ အားပေးဖေးမရသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏လက်မှာ အေးစက်တုန်ယင်နေသည်။

"ဒီတစ်ခါ မလွဲနိုင်တော့ပါဘူးနော်"

"မလွဲနိုင်ပါဘူး ညီမ။ အစ်ကိုထွန်း စောစောကပဲ ခရီးသည်မှတ်တမ်းကို ကြည့်ခဲ့ပြီးပြီ။ အဲဒီအထဲမှာ နွယ်နွယ်ထွန်းဆိုတဲ့နာမည် ပါနေတာပဲဥစ္စာ"

လေယာဉ်သည် မိုးယံဝမှ အကောင်အထည် ပီသစွာ ပေါ်လာသည်။ လေယာဉ်သံကို ကြားရစပြုလာသည်။ လေလုံသော အအေးခန်းအတွင်းမှာမို့ အသံသည် များစွာကျယ်လောင်ခြင်းမရှိချေ။ အပြင်မှာဆိုလျှင်ကား မြေပြင်တုန်မတတ် မြည်ဟည်းနေမည်မှာ သေချာသည်။

ကြီးမားသော စွန်ရဲတစ်ကောင် မြေပြင်မှ အစာကို ရှာဖွေနေသည့်နှယ် လေယာဉ်သည် ကောင်းကင်မှနေ၍ လေယာဉ်ပြေးလမ်းကြောင်းကို ရှာဖွေနေသည်။ ပြီးလျှင် အစာကိုမြင်၍ ထိုးသုတ်ရန် ချိန်ရွယ်နေသည့်နှယ် ဟန်ရေးကြွယ်စွာ လေယာဉ်ပြေးလမ်းကြောင်းဆီသို့ ဦးတည်လာသည်။ အသံသည် စူးရှကျယ်လောင်လာသည်။

မကြာမီ ငှက်စွန်ရဲသည် မြေပြင်သို့ ထိုးသုတ်ရန် နိမ့်ဆင်းလာသည်။ လေယာဉ်သည် လေယာဉ်ပြေးလမ်းကြောင်းအတိုင်း ငြိမ့်ခနဲ ဆင်းသက်လာသည်။ အနောက်မှသည် အရှေ့သို့ လမ်းကြောင်းအတိုင်း ပြေးလွှားသွားသည်။

"အပြင်ထွက်ကြရအောင်"

မျိုးထွန်းသိန်းက ဆိုသည်။ သူက ဦးဆောင်လျက် စားသောက်ဆိုင်ထဲမှ ထွက်ခဲ့ကြသည်။ ဆင်ဝင်များသို့ ရောက်ခဲ့ကြသည်။

လေယာဉ်သည် ကွင်းအစပ်မှ ထိန်းချုပ်ရေးအဆောက်အဦဆီသို့ ပြန်လည်မောင်းနှင်လာသည်။ အချက်ပြသူသည် ယပ်တောင်ကဲ့သို့ အပြားကလေးနှစ်ပြားဖြင့် လေယာဉ်ဆိုက်ကပ်ရမည့်နေရာကို ပြသပေးနေသည်။ ဘီအိုအေစီ လေကြောင်းကုမ္ပဏီပိုင် လေယာဉ်ကြီးသည် ကြွားကြွားရွားရွားဟန်ဖြင့် လေဆိပ်အဆောက်အဦရှေ့မှာ ရပ်နားဆိုက်ကပ်လိုက်လေသည်။

ပန်ကာလည်ပတ်ခြင်းများ ရပ်တန့်သွားသောအခါ အရာရာသည် ပြန်လည်ငြိမ်သက်တိတ်ဆိတ်သွားသလိုရှိသည်။ မြေပြင်ဧည့်ခံရေးနှင့် အကောက်ခွန်အရာရှိတို့ လေယာဉ်ဆီသို့ လျှောက်သွားကြသည်။ အလုပ်သမားများက လှေကားစသည်တို့ကို ယူသွားကြသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် ယင်းတို့ကို မျက်တောင်မခတ်တမ်း ကြည့်နေသည်။ မကြာမီ လေယာဉ်ပေါ်မှ ခရီးသည်များ ဆင်းလာကြပေတော့မည်။ သမီးဖြစ်သူသည် ခရီးသည်များနှင့် ရောနှောပါဝင်လာပေလိမ့်မည်။ သမီး၏မျက်နှာကို မြင်တွေ့ရရန် အချိန်မဝေးတော့ပါကလား။ ရင်ထဲမှာ ပိုမိုလှုပ်ရှားလာသည်။

လေယာဉ်တံခါးပွင့်လာသည်။ လှေကားအတိုင်း ခရီးသည်အချို့ ဆင်းသက်လာကြသည်။ အတန်ငယ် ဝေးလံသည်ဖြစ်၍ မည်သူမည်ဝါ မသဲကွဲလှ။

ဖြစ်နိုင်လျှင်တော့ မှန်တံခါးများကို ထိုးခွဲကာ စကြံမှ ခုန်ဆင်းလျက် လူတွေဘက်သို့ ပြေးသွားလိုက်ချင်သည်။ အမြန်ဆုံး သွားရောက်ဆုံတွေ့လိုက်ချင်သည်။ သို့ပေမဲ့ စည်းကမ်းကလနား ဆိုသည်က လေဆိပ်လိုနေရာမျိုးမှာ အများသား။

လေယာဉ်ပေါ်မှ ဆင်းလာသော လူသိုက်သည် လေဆိပ်နှင့် တစ်စထက်တစ်စ နီးကပ်လာသည်။ လေယာဉ်ပေါ်မှ ဆင်းလာသူများကလည်း လေဆိပ်အဆောက်အဦဆီသို့ ကြည့်နေကြသည်။ လေဆိပ်အဆောက်အဦမှ လူအချို့က လက်ပြနှုတ်ဆက်ရာ သူတို့ကလည်း ပြန်လှန်လက်ပြနှုတ်ဆက်ကြသည်။

**"လောကဓံသည် အနှစ်နှစ်ဆယ်ကျော်ဟူသော အချိန်ကာလကို မိမိနှင့် သမီးငယ်ထံမှ ရက်စက်ကြမ်းကြုတ်စွာ လုယူခဲ့သည်ဟု ထင်သည်။ စင်စစ် အနှစ်နှစ်ဆယ်ကျော်ဟူသော ကာလမှာ သက်တမ်းစေ့နေရသောလူတစ်ယောက်၏ အသက်ထက်ဝက်နီးပါး သို့မဟုတ် သုံးပုံတစ်ပုံကျော်ပင်ဖြစ်သည်။ မိမိ၏ အသက်ထက်ဝက်ကျော်မျှ ငိုခဲ့၊ လွမ်းခဲ့၊ တမ်းတခဲ့ရသည်များကို ဒေါ်ရေနံ့သာခင်ခင်ကြီး အမှတ်ရလာသည်။ ဝဋ်တုံ့ဝဋ်ကြွေးရှိလျှင် ကျေပါစေတော့၊ ပြေပါစေတော့ဟု အခါခါ . . ."**

"အဲလစ်... အဲလစ်၊ ဟိုမှာ ... အဲလစ်"

မျိုးထွန်းသိန်းက လူအုပ်အတွင်း လက်ညှိုးညွှန်ပြသည်။ ဝမ်းသာအားရပြောသည်။ ဦးကျော်ထွန်းနှင့် ဒေါ်နွယ်နွယ်က လက်ပြနှုတ်ဆက်သည်။ ဒေါ်နွယ်နွယ်က "သမီး" ဟု နှုတ်မှမြည်တမ်းကာ ခုန်ပေါက်တော့မတတ် လက်ဝှေ့ယမ်းပြသည်။

ခရီးသည်တစ်သိုက်ထဲမှာ မိန်းကလေးအချို့ပါသည်။ မြင်ရုံနှင့်ပင် မြန်မာဟု သိသာသော မိန်းကလေးသုံးလေးယောက် ပါနေသည်။ သည်အထဲမှာ အဝါရောင်ဆွယ်တာ အင်္ကျီဝတ်မိန်းကလေးကို မျိုးထွန်းသိန်းက ညွှန်သည်။ ဒေါ်ရေနံ့သာခင်ခင်ကြီးအား ပြသည်။

"အန်တီ၊ အဲဒီအဝါဟာ အဲလစ်ပေါ့။ အဲလစ်ဟာ သူပဲပေါ့"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ စိတ်အာရုံသည် ဆောက်တည်ရာမရနိုင်တော့သလိုရှိသည်။ အဝေးသို့ လွင့်ပါးသွားရသည့်နှယ် ဖြစ်သည်။

အဝါရောင်ဆွယ်တာအင်္ကျီဝတ်ထားသော မိန်းကလေးကို စူးစိုက်ကြည့်ရင်းမှပင် အမြင်သည် ဝါးနေရသည့်နှယ်ရှိသည်။ ရင်ထဲမှာ တထိတ်ထိတ် ခုန်နေသည်။

"သမီး၊ သမီး" ဟူသော အသံသည် ရင်ထဲမှာ ပြင်းထန်စွာ မြည်ဟည်းနေသည့်နှယ်ရှိသည်။

ခရီးသည်တစ်သိုက်သည် အမိုးအောက်သို့ ဝင်ရောက်ပျောက်ကွယ်သွားကြသည်။

"လာအန်တီ၊ အောက်ကသွားစောင့်ကြရအောင်"

မျိုးထွန်းသိန်းက ဒေါ်ရေနံ့သာခင်ခင်ကြီးအား ဖေးမခေါ်ဆောင်လာသည်။ အောက်ထပ်သို့ ဆင်းခဲ့ကြသည်။ ခရီးသည်စစ်ဆေးရာ အပေါက်ဝမှနေ၍ စောင့်ဆိုင်းနေကြရသည်။

ယင်းအချိန်တွင် နွယ်နွယ်ထွန်းတို့သည် လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန် စသည်တို့၌ အစစ်ဆေးခံနေကြရသည်။

မကြာမီ သည်အပေါက်ဝမှ နွယ်နွယ်ထွန်း ထွက်လာပေလိမ့်မည်။ မိနစ်ပိုင်းအတွင်း သမီးဖြစ်သူကို မြင်ရပေတော့မည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏အာရုံသည် လွင့်ပါးသွားသည်။ ဝေးလံသီခေါင်လှသော ကျောက်ပန်းတောင်းမြို့ကလေးဆီသို့ စိတ်အတွေး ပျံ့ဝဲရောက်ရှိသွားရသည့်နှယ်ရှိသည်။ သည်တုန်းက သမီးကလေးနှင့် ခွဲခွာရသောနေ့။ ယခုလို ဆည်းဆာချိန်၊ နေဝင်ခါနီးအချိန်။

နေဝန်းသည် ခင်ကြီးဆင့်တောင်တန်း၏ တောင်စွန်းတစ်ခုတွင် မေးတင်လျက်ရှိသည်။ နေဝန်း၏မျက်နှာမှာ ငိုကြွေးထားသော မိန်းမတစ်ယောက်၏ မျက်နှာပြင်နှယ် နီမြန်းလျက်ရှိသည်။ သို့နှင့်အမျှ သူထုတ်လွှတ်လိုက်လေသော ရောင်ခြည်တို့သည်လည်း အနီရောင်သန်းနေသည်။ ရှစ်ရပ်ဝန်းကျင်ကို ပုစွန်ဆီအရောင်အသွေး စွန်းထင်းပေကျုံစေသည်။ ရောဝတီမြစ်ဘက်မှ တက်လာသော တိမ်သားထုကို ရွှေအနားကွပ်ပေးထားသည်။ တောင်ခါးပန်းမှ ကျော်လွန်ဖြာကျလာသော ရောင်ခြည်တန်းများမှာ နတ်သမီးရက်ကန်းစင်မှာ ရက်ရှယ်ထားသော ရွှေခြည်မျှင်များနှယ် ရွှေရေးလုလျက်ရှိသည်။

သည်စဉ်က ရေစည်လှည်းတိုက်စားသူ သရော်လှောင်ပြောင်၍သီဆိုခဲ့သော သီချင်းကလေးကိုပင် အမှတ်ရနေမိသေးသည်။

"မယားသယ် ကြင်နာထိုက်ပါရဲ့။ သားငယ်ကို ရင်မှာပိုက်ပါလို့၊ အို-ကိုရာဇရဲ့၊ ပလ္လင်ရတနာ ဆိုက်အောင်ပ လာခဲ့သကို" ဆိုသော အပိုဒ်ကလေးကို အလွတ်ရနေသည်။

သည်လိုအချိန်မျိုးမှာ ချစ်လှစွာသော သမီးကလေးကို ခွဲခွာရဖို့ ဖန်တီးလာသည်ပဲပေါ့။ ကိုညိုထွန်း၏အစ်ကို ကိုဖိုးစံ မသိန်းနုတို့ အိမ်ဝင်းဝမှာရပ်ကာ ဆည်းဆာနေညိုကို ငေးမောနေမိဆဲ "ရေနံ့သာ" အိမ်မှ ကိုထွန်းခင်က သူ့ကို မြင်သွားခဲ့သည်။ နောက်တစ်နေ့မှာ ပွဲစားဦးမောင်ကလေးနှင့် ဒေါ်ရွှေသစ်တို့ ရောက်လာကာ သူ့ကို ရေနံ့သာအိမ်သို့ ပို့ပေးသည်။ အဘွားဆုံးသည်နှင့် ကြုံကြိုက်ရသည်။ ရေနံ့သာက သူ့ကို ပြန်လည်လက်ခံသည်။ သို့ပေမဲ့ ဖေဖေဦးအောင်ခန့်၏အမိန့်အရ သမီးနှင့် ခွဲနေရသည်။ သမီးကို ဦးမောင်ကလေး ဒေါ်ရွှေသစ်တို့က မွေးစားသည်။ သည်ကတည်းက ကွဲခဲ့ရသည်။ သည်ကတည်းက ခွဲခဲ့ရသည်။ အနှစ်နှစ်ဆယ်ကျော်ပါပကော။

လောကဓံသည် အနှစ်နှစ်ဆယ်ကျော်ဟူသော အချိန်ကာလကို မိမိနှင့် သမီးငယ်ထံမှ ရက်စက်ကြမ်းကြုတ်စွာ လုယူခဲ့သည်ဟု ထင်သည်။

စင်စစ် အနှစ်နှစ်ဆယ်ကျော်ဟူသော ကာလမှာ သက်တမ်းစေ့နေရသောလူတစ်ယောက်၏ အသက်ထက်ဝက်နီးပါး သို့မဟုတ် သုံးပုံတစ်ပုံကျော်ပင်ဖြစ်သည်။ မိမိ၏ အသက်ထက်ဝက်ကျော်မျှ ငိုခဲ့၊ လွမ်းခဲ့၊ တမ်းတခဲ့ရသည်များကို ဒေါ်ရေနံ့သာခင်ခင်ကြီး အမှတ်ရလာသည်။ ဝဋ်တုံ့ဝဋ်ကြွေးရှိလျှင် ကျေပါစေတော့၊ ပြေပါစေတော့ဟု အခါခါ ဆုတောင်းခဲ့ရသည်ကိုလည်း သတိရလာသည်။

ယခုတော့ ဝဋ်တုံ့ဝဋ်ကြွေးတို့ ကျေလေတော့မည်ပင် ထင်ပါသည်။ ပြေလေတော့မည်ပင် ထင်ပါသည်။

စစ်ဆေးခန်းမှ ခရီးသည်အချို့ ထွက်လာပြီ။ လာရောက်ကြိုဆိုသူများနှင့် ဖက်လဲတကင်း နှုတ်ဆက်ကြသည်။ ဝမ်းသာအားရ ရယ်မောသံများ ကြားရသည်။ သည်လိုနှင့် တစ်ယောက်ပြီးတစ်ယောက် ထွက်လာကြသည်။

ခရီးသည်စစ်ဆေးခန်းတံခါးပွင့်လာလေလျှင် နွယ်နွယ်ထွန်း ထွက်လာမည်အထင်နှင့် ကြည့်ရသည်မှာ အမော။

သည်လိုနှင့်ပင် အဆုံးမှာကား ခရီးသည်စစ်ဆေးခန်းတံခါးပွင့်လာကာ တံခါးဝမှာ မျှော်လင့်တောင့်တနေသူကို တွေ့လိုက်ရသည်။ အဝါရောင်ဆွယ်တာအင်္ကျီကလေးသည် တံခါးဝမှာ ထင်းခနဲပေါ်လာသည်။ နွယ်နွယ်ထွန်းသည် ဘွားခနဲ ပေါ်ထွက်လာသည်။

"အဲလစ်"

"သမီး၊ သမီး"

မျိုးထွန်းသိန်း၊ ဦးကျော်ထွန်းနှင့် ဒေါ်နွယ်နွယ်တို့ထံမှ အသံများသည် တစ်မုဟုတ်ချင်း ပေါ်လာသည်။

"မာမီ၊ ဒယ်ဒီ၊ ကိုမျိုး" ဆိုသော နွယ်နွယ်ထွန်း၏ အသံကိုလည်း ကြားရသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရှိမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၃၃၃ ဆူ | ၃၈၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၀ ခန်း | ၄၀၅ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၆ တိုင် | ၁၄ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၂၂ တိုင် | ၅၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၀၄ ခု | ၅၄၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၈ ကျင်း | ၂၀၈၁. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၈ ကျင်း | ၂၀၀. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၅ ကျင်း | ၅၈၉၅. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၂ ကျင်း | ၁၆၁၄. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# ပန်းတနော်မြို့နယ်၌ PDF အမည်ခံအကြမ်းဖက်သမားများက ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

နေပြည်တော် ဇူလိုင် ၂၈

NUG အမည်ခံအကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား

စာမျက်နှာ ၁၅ ကော်လံ ၄ သို့ ❋






ပန်းတနော်မြို့နယ် လက်ပန်ကုန်းကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ အကြမ်းဖက်သမားများက မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးဆုံးရှုံးမှုများကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ


ဖွံ့ဖြိုးဝေစည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဆီ
စာမျက်နှာ » ၁၇

မြန်မာနိုင်ငံအတွင်းရှိ ရဟန်းသံဃာတော်များနှင့် ပြည်သူများ ပါကစ္စတန်နိုင်ငံရှိ ဗုဒ္ဓသာသနာထွန်းကားပြန့်ပွားသောဒေသများသို့ သွားရောက်နိုင်
စာမျက်နှာ » ၁၈

မကျေပွဲပြန်လည်ထိုးသတ်ဖို့ နီးစပ်လာပြီဖြစ်တဲ့ ဖလွိုက်မေဝယ်သာနဲ့ မက်ဂရီဂေါ်
စာမျက်နှာ » ၁၉


# အာဆီယံ ယူ-၁၈ အမျိုးသမီးပြိုင်ပွဲ အုပ်စု(ခ)နောက်ဆုံးပွဲ ယနေ့ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၈

၂၀၂၂ အာဆီယံ ယူ-၁၈ အမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲ အုပ်စု(ခ) နောက်ဆုံးနေ့ကို ဇူလိုင် ၂၉ ရက် (ယနေ့) ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုပထမနေရာအတွက် ဩစတြေးလျအသင်းနှင့် အဆုံးအဖြတ်ကစားရမည်ဖြစ်သည်။

အုပ်စု(ခ)တွင် ပါဝင်သည့်အသင်းများအနက် မြန်မာနှင့် ဩစတြေးလျအသင်းသည် နှစ်ပွဲစီကစားအပြီးတွင် ရမှတ်ခြောက်မှတ်စီဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ခြင်းဖြစ်ပြီး ယနေ့ကစားမည့်နောက်ဆုံးပွဲမှာ အုပ်စုပထမနေရာအတွက်သာ အဆုံးအဖြတ်ကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဩစတြေးလျထက် ဂိုးကွာခြားချက်နည်းသဖြင့် အနိုင်ကစားမှသာ

စာမျက်နှာ ၁၆ ကော်လံ ၁ သို့ ○

## CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအနေဖြင့် ကြိုဆိုရေးစခန်းများ၊ နီးစပ်ရာလုံခြုံရေးစခန်းများအပြင် နီးစပ်ရာမြို့နယ်များရှိ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်လူမှုဝန်ထမ်းရုံးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တရားဝင်အသိအမှတ်ပြုထားသည့် လူမှုကယ်ဆယ်ရေး အသင်းအဖွဲ့အသီးသီးသို့လည်း ဆက်သွယ်ဆောင်ရွက်နိုင်

နေပြည်တော် ဇူလိုင် ၂၈

နယ်စပ်ဒေသအသီးသီးနှင့် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်းသို့ ရောက်ရှိနေသည့် CDM ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် လူငယ်လူရွယ်များအား နယ်စပ်ကြိုဆိုရေးစခန်းအသီးသီးနှင့် နီးစပ်ရာ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းအသီးသီးသို့ ဆက်သွယ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ကြောင်းနှင့် ယင်းသို့ သတင်းပို့ဆက်သွယ်သူများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ နေ့စဉ်ပြည်သူ့ဘဝတွင် အေးချမ်းစွာနေထိုင်နိုင်ရေး အာမခံချက်ပေးသွားမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က အသိပေးထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ❋